mgyoe.com
SAMPLE BOOK


# လူ့ဘဝ
# အဓိပ္ပာယ်အား
# ဖွေရှာခြင်း

## မြူရိပ်

မြန်မာဘာသာပြန်ဆိုသည်

## VIKTOR E. FRANKL

**Man's Search for Meaning**



MORE THAN
12 MILLION COPIES
IN PRINT
WORLDWIDE

mgyoe.com

ပန်းဆက်လမ်း

တကယ်လို့ ခင်ဗျားအနေနဲ့ ဒီနှစ်အတွက် စာဖတ်ချင်တယ်၊ ဖတ်ဖို့ကလည်း
mgyoe.com
စာအုပ်တစ်အုပ်လောက်ပဲ ဖတ်နိုင်မယ်ဆိုရင်၊
အဲဒီစာအုပ်ဟာ ဒေါက်တာဖရန့်ကယ်ရဲ့ စာအုပ်ပဲဖြစ်သင့်ပါတယ်။

— ဟောဒ်အီန်ဂျယ်လိစ် တိုင်းမ်စ်

★★★★★

နာဇီတို့၏ လူမျိုးတုံးသတ်ဖြတ်မှုအတွင်း ထွက်ပေါ်လာခဲ့သော ဂန္ထဝင်လက်ရာများအနက်
'လူ့ဘဝအဓိပ္ပါယ်အားဖွေရှာခြင်း' စာအုပ်သည် အော့ရှ်ဝစ်ချ်နှင့် အခြားသော
နာဇီအကျဉ်းစခန်းများအတွင်း နောက်ဆုံးအချိန်ထိ အသက်ရှင်ကျန်ရစ်ရန်အတွက်
ကြိုးပမ်းခဲ့သည့် ဗစ်ခ်တာဖရန့်ကယ်၏ ဘဝဇာတ်လမ်းပင် ဖြစ်ပေသည်။
ယနေ့ခေတ်တွင်မူ လူသား၏ မျှော်လင့်ချက်အား ဤကဲ့သို့ ခမ်းနားကြီးကျယ်စွာ
ဂုဏ်ပြုထားသည့် ယခုစာအုပ်သည် ကျွန်ုပ်တို့အား ဘဝ၏ပိုမိုနက်ရှိုင်းသော အဓိပ္ပါယ်နှင့်
ရည်ရွယ်ချက်များအား ရှာဖွေတွေ့ရှိစေရန် လမ်းပြညွှန်ကြားပေးလေသည်။
ဗစ်ခ်တာဖရန့်ကယ်လ်သည် ၂၀ ရာစု၏ အကြီးကျယ်အမြင့်မြတ်ဆုံး
ကျင့်ဝတ်ဖြူစင်သည့် သူရဲကောင်းများထဲမှ တစ်ဦးဖြစ်ပေသည်။
လူသား၏ လွတ်လပ်ခြင်းတရား၊ ဂုဏ်သိက္ခာနှင့် နက်ရှိုင်းသိမ်မွေ့သော
ဘဝအဓိပ္ပါယ်အား ဖွေရှာမှုများ၌ တွေ့ရှိရတတ်သော သူ၏ ထိုးထွင်းသိမြင်မှုများသည်
'လူသားဆန်မှု'အား အကြီးမားဆုံးဖော်ဆောင်နိုင်ပြီး လူတစ်ဦးချင်းစီ၏
ဘဝများအား အမှန်တကယ်ပင် ပြောင်းလဲနိုင်သော စွမ်းအားရှိလေသည်။

— ရဟူဒီဓမ္မဆရာတော် ဒေါက်တာ ဂျွန်နသန် ဆက်ခ်စ်

★★★★★

ဗစ်ခ်တာဖရန့်ကယ်လ်က မကောင်းမှုနှင့် စိတ်ပျက်ငြီးငွေ့ခြင်းတရားများသည်ပင်လျှင်
ကျွန်ုပ်တို့အား ကွယ်ပျောက်သွားအောင် မဖျက်ဆီးနိုင်ကြောင်း အလေးအနက်ကြေညာလေ
သည်။ ဤစာအုပ်သည် လောကဓံအား လက်မြှောက်အရှုံးပေးခြင်းထက်၊ ရှင်သန်ရင်ဆိုင်
ခြင်းအား ရွေးချယ်သည့် လူတစ်ဦးချင်းစီ၏ စိတ်နှလုံးထဲ၌ တောက်ပစွာပေါ် ထွက်လာခဲ့
သော ဖီးနစ်ငှက်၏ ဓမ္မတေးတစ်ပုဒ်ပင် ဖြစ်ပေတော့သည်။

— ဘရိုင်ယန် ကီနန် (An evil cradling ဝတ္ထုအား ရေးသားသူ)

★★★★★

လောကဓံအား ရင်ဆိုင်ဖြတ်သန်းခြင်း စာပေများအား
အဓွန့်ရှည်စေခဲ့သည့် လက်ရာမြောက်စာအုပ်တစ်အုပ်။

— နယူးယော့ခ် တိုင်းမ်စ်

★★★★★

mgyoe.com

Website> www.pannsattlann.com SAMPLE BOOK
Mobile App> Pann Satt Lann
Facebook Page> Pann Satt Lann Books
မြန်မာပြည်ရဲ့အကြီးဆုံးအွန်လိုင်းစာအုပ်ဆိုင်

pannsattlann.com

Scan me

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့၏ နေ့ရက်များဟာ အစဥ်အမြဲတော့ဖြင့် ချောမွေ့၊ လွယ်ကူနေသော နေ့ရက်များတော့ မဟုတ်။

ကျွန်တော်တို့ဟာ တစ်ရံတစ်ခါ၌ လောကဓံတရားမှ စုံစမ်းမေးမြန်းလာသည်များကို ရင်ဆိုင်ဖြတ်ကျော်ရင်း ဒုက္ခဆင်းရဲ၌ အံတုရှင်သန်ရမည့် အခိုက်အတန့်များလည်း ကြုံတွေ့လာပေလိမ့်မည်။

ထိုအခိုက်အတန့်များသည် တိတ်ဆိတ်စွာ—ဆူညံနေမှုများ ဖြစ်လင့်ကစား ကျွန်တော်တို့တစ်ဦးချင်းစီအဖို့ ရှင်သန်ရုန်းကန်ခြင်း၏ အဓိပ္ပာယ်လည်း ဖြစ်ပေလိမ့်မည်။

ယခု စာအုပ်သည်....

မနက်ဖြန်များကား မရေရာ မသေချာသည့်တိုင် အရဏ်တိုင်း နိုးထ၍ ဘဝခရီးဆက်နေကြရသောသူများ.....

မည်သူတစ်ဦးတစ်ယောက်မှ မမြင်နိုင်သည့် လောကဓံလှိုင်းတံပိုးအား တိတ်ဆိတ်စွာ ပခုံးထမ်းထားကြရသောသူများ.....

စသဖြင့် ....

ဘဝခရီးရှည်ချီတက်ပွဲအတွင်း အရှုံးမပေး၊ လက်မမြှောက်ဘဲ ကြံ့ကြံ့ခံ၊ ရင်ဆိုင်အံတုကာ မိမိ၏ ကိုယ်ပိုင် ဘဝအဓိပ္ပာယ်အား ဦးတည်ကာ လျှောက်လှမ်းနေသူများအတွက် ရည်ညွှန်းပါသည်။

— မြူရိပ်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# လူ့ဘဝ အဓိပ္ပာယ်အား ဖွေရှာခြင်း

## မြူရိပ်

ပန်းဆက်လမ်း

www.pannsattlann.com, Mobile App/ Pann Satt Lann
Email/ pannsattlann22@gmail.com
Facebook page/ Pann Satt Lann Books
Phone - +959 443167346, +959 977885189

mgyoe.com

mgyoe.com SAMPLE BOOK

**လူ့ဘဝ အဓိပ္ပာယ်အား ဖွေရှာခြင်း**

မြရိပ်

စာမျက်နှာ ၁၉၆၊ ၁၄.၅ စင်တီ ၂၀.၅ စင်တီ

မျက်နှာဖုံး ဒီဇိုင်း - Pone Yeik

Proof Reading - Design by Devil

ဤစာအုပ်ကို ဦးထက်ပိုင်အောင်၊ ပန်းဆက်လမ်းစာအုပ်တိုက် (၀၀၇၈၄)၊
အမှတ် (၄၅၄)၊ မြင်တော်သာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး
ပန်းဆက်လမ်းပုံနှိပ်တိုက် (၀၁၄၉၁)၊ အမှတ် (၆၈၂)၊ အောင်မေတ္တာလမ်း၊
သာကေတမြို့နယ်၊ ရန်ကုန်၌ ပုံနှိပ်ကာ ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင်
ပထမအကြိမ် အုပ်ရေ ၁၀၀၀ ထုတ်ဝေဖြန့်ချိသည်။

**တန်ဖိုး - ၁၂၀၀၀ ကျပ်**

ဤစာအုပ်သည် မူပိုင်ခွင့်ပိုင်ရှင်ရှိသောစာအုပ် ဖြစ်ပါသည်။ စာအုပ်ပါ အကြောင်းအရာအားလုံးကိုဖြစ်စေ၊ အပိုင်းအလိုက်ဖြစ်စေ ကူးယူပုံနှိပ်ခြင်း၊ eBook, audio-book, pdf နှင့် အင်တာနက်နည်းပညာသုံး မည်သည့်ပြောင်းလဲထုတ်ဝေခြင်းမဆို မူပိုင်ရှင်၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မပါရှိဘဲ ဆောင်ရွက်ခြင်းမပြုရ။ (စာအုပ်အညွှန်းရေးသားခြင်း Book Review အတွက် ခွင့်ပြုချက် တောင်းရန်မလိုပါ။)

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


• ဂျွန်ဘွိုင်း၏ အမှာစာ ၇

• ၁၉၉၂ ထုတ်ဝေခြင်းမှ အမှာစာ ၁၇

• ဂျူးသုတ်သင်ရှင်းလင်းရေး အလုပ်စခန်းအတွင်းမှ ဘဝအတွေ့အကြုံများ ၂၃

• အဓိပ္ပာယ်ရှာဖွေမှုကုထုံး အကျဉ်းချုပ် ၁၆၃

• ဗစ်တာဖရန်ကယ်၏ ဘဝဖြစ်စဉ်နှင့် လူမျိုးသုဉ်း သတ်ဖြတ်မှုဖြစ်စဉ် ၁၉၃

• ခက်ဆစ်အဖြေများ ၁၉၇


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဂျွန်ဘွိုင်းန်၏ အမှာစာ

ကျွန်တော့်အသက် ၁၅ နှစ်အရွယ်တုန်းကပေါ့။ နွေရာသီကျောင်းပိတ်ရက် မတိုင်ခင် နောက်ဆုံးတစ်ရက်မှာ ကျွန်တော်တို့ အင်္ဂလိပ်စာဆရာက အတန်းထဲဝင်လာပြီး ကျွန်တော်တို့ကို စာအုပ်ပေါင်း ၄၀ ရဲ့ ခေါင်းစဉ်တွေကို တစ်ခုချင်း ရွတ်ပြတယ်။ ပြီးတော့ ဆရာ့အနေနဲ့ မင်းတို့အားလုံး နွေကျောင်းပိတ်ရက်အတွင်းမှာ ဒီထဲက တချို့စာအုပ်တွေကို ဖတ်စေချင်တယ်လို့ ကျွန်တော်တို့ကို ဆက်ပြောတယ်။ တစ်ဆက်တည်းမှာပဲ "ဆရာ့အနေနဲ့ မင်းတို့ကို ဘယ်စာအုပ်တွေကို ဖတ်ပြီး ဆရာ့ကို Report ရေးပေးရမယ်လို့ မသတ်မှတ်ဘူး။ ပြီးတော့ ကျောင်းပြန်တက်တဲ့အခါ မင်းတို့ထဲက ဘယ်သူတွေက ဘယ်စာအုပ်တွေကို ဖတ်ခဲ့လဲ ဆိုတာကိုလည်း ပြန်ပြီး စစ်ဆေးမေးမြန်းနေမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီစာရင်းထဲက စာအုပ်တစ်အုပ်ချင်းစီဟာ ဆရာ့အတွက်တော့ နှစ်ပေါင်းများစွာတိုင်အောင် အဖိုးမဖြတ်နိုင်တဲ့အနှစ်သာရတွေဖြစ်ခဲ့တယ်။ တကယ်လို့ မင်းတို့အနေနဲ့ ဒီထဲက တချို့စာအုပ်တွေကို ဖတ်ကြည့်မယ်ဆိုရင်၊ ဒီစာအုပ်တွေထဲက စကားသံတွေကို နားထောင်ခဲ့မယ်ဆိုရင် အဲဒီစကားသံတွေဟာ မင်းတို့ လက်ရှိ နေထိုင်နေတဲ့ ကမ္ဘာကြီးအပေါ် မြင်နေတဲ့ မင်းတို့ရဲ့ အမြင်တွေကို ပြောင်းလဲပစ်လိမ့်မယ်ဆိုတာကို ဆရာ အာမခံတယ်" လို့ ဆက်ပြောခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီအချိန်တုန်းက ကျွန်တော်ဟာ အရွယ်ရောက်သူတွေ ဖတ်လေ့ရှိတဲ့ စာပေတွေကို စတင်ပြီးဖတ်ဖို့ ကြိုးစားနေပြီဆိုပေမဲ့လည်း ဆရာပေးထားတဲ့ စာအုပ်ခေါင်းစဉ်တွေကို ကျွန်တော် ဖတ်ကြည့်တဲ့အခါမှာတော့ အများစုသော စာအုပ်တွေဟာ ကျွန်တော့်အတွက် သိပ်ပြီး ရင်းနှီးမှုရှိမနေတာကို သတိထားမိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စာဖတ်ခြင်းနဲ့ စာရေးခြင်းအလုပ်ကို စိတ်ဝင်စားလာတဲ့ ဆယ်ကျော်သက်အရွယ် ကျွန်တော့်အတွက်တော့ ဆရာပေးထားတဲ့ စာအုပ်စာရင်းဟာ စိတ်လှုပ်ရှားစရာဖြစ်ခဲ့တယ်။ အဲဒါနဲ့ ကျွန်တော်လည်း နောက်တစ်နေ့မနက်ရောက်တာနဲ့ စက်ဘီးကိုယူပြီး ရပ်ကွက်ထဲမှာရှိတဲ့ စာအုပ်ဆိုင်ကို အပြေးသွားရှာတော့တာပါပဲ။ တကယ်တမ်း စာအုပ်ဆိုင်ရောက်တဲ့အခါမှာတော့ ဆရာပေးထားတဲ့ စာအုပ်စာရင်းထဲက ဘယ်စာအုပ်ကို အရင်ဆုံးဖတ်ရမလဲဆိုတဲ့ မေးခွန်းဟာ ကျွန်တော့်ကို တကယ်ပဲ အကျပ်ရိုက်စေခဲ့တယ်။ ဒါပေမဲ့လည်း နောက်ဆုံးတော့ စာရေးဆရာ ပရီမို လယ်ဗီ (Primo Levi) ရဲ့ 'If This Is a Man' ဆိုတဲ့ စာအုပ်ကို စဖတ်ဖို့ ဆုံးဖြတ်လိုက်တော့တယ်။

အဲဒီစာအုပ်ဟာ ဆယ်ကျော်သက် ကောင်လေးတစ်ယောက်အတွက်တော့ လွှမ်းမိုးမှု အတော်ကြီးခဲ့တယ်လို့ ဆိုရပါမယ်။ အခုအချိန် ပြန်စဉ်းစားရင် နည်းနည်းတော့ ကြောင်တောင်တောင်နိုင်တယ်လို့ ထင်ရပေမဲ့လည်း ၁၉၈၀ ပြည့်နှစ်ဝန်းကျင်၊ အိုင်ယာလန်နိုင်ငံမှာ ကြီးပြင်းလာခဲ့ရတဲ့ ကလေးတစ်ယောက်အတွက်တော့ အဲဒီစာအုပ်ဟာ ကျွန်တော်တို့ ကျောင်းမှာ မသင်ကြားခဲ့ရတဲ့ အစုလိုက် အပြုံလိုက်သတ်ဖြတ်ခြင်းနဲ့ ပတ်သက်လို့ စိတ်ဝင်စားစရာတွေနဲ့ ပြည့်နှက်နေခဲ့တယ်။ ဒုတိယကမ္ဘာစစ်နဲ့ ပတ်သက်လို့ တချို့လူငယ်ဖတ်စာအုပ်တွေ၊ တီဗီရှိုးတွေနဲ့ စစ်ကားတချို့မှာ တွေ့ရလေ့ရှိပေမဲ့လည်း အဲဒီစာအုပ်ဟာ နာဇီတွေရဲ့ ဂျူးလူမျိုးတွေအပေါ် ကျူးလွန်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ကျွန်တော့်အတွက် ပထမဦးဆုံး လေ့လာစရာဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ နောက်ထပ် နှစ်ပေါင်းများစွာကြာအောင် အဲဒီသတ်ဖြတ်မှုတွေနဲ့ပတ်သက်ခဲ့တဲ့သမိုင်းကြောင်းတွေဟာ ကျွန်တော်ရဲ့ စိတ်အာရုံကို ဖမ်းစားညှို့ယူထားခဲ့တယ်။ နာဇီတို့ရဲ့ နောက်ဆုံးအကျဉ်းစခန်းဟာ ကျွန်တော် မမွေးဖွားခင် ၂၅ နှစ်အလိုလောက်ကတည်းက လွတ်မြောက်သွားပြီဆိုပေမဲ့လည်း အဲဒီအကြောင်းအရာတွေဟာ ကျွန်တော်ရဲ့ ဘဝအစိတ်အပိုင်းထဲကို နက်နက်ရှိုင်းရှိုင်း စွဲမြဲ

mgyoe.com

စေခဲ့ပါတယ်။

စာဖတ်ခြင်း ဝါသနာထုံသူတွေ ကြုံတွေ့ရလေ့ရှိတဲ့ ကိစ္စတွေလိုပါပဲ။ အဲဒီလိုနဲ့ စဖတ်လိုက်တဲ့ စာအုပ်ကနေပြီး ကျွန်တော်ရဲ့ နွေရာသီကျောင်းပိတ်ရက်ရှည်တွေဟာ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်ရင်းနဲ့သာ ကုန်ဆုံးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်ဟာ ဆရာ အကြံပေးခဲ့တဲ့ စာအုပ်စာရင်းကို မေ့လျော့လိုက်ပြီး ကျွန်တော်ရဲ့ စိတ်ဝင်စားမှုတွေကို ဆွဲဆောင်ခေါ်ငင်သွားတဲ့ စာရေးဆရာတွေနဲ့ သူတို့ရဲ့ စာအုပ်တွေ၊ ဇာတ်လမ်းတွေရဲ့ အနောက်ကိုသာ လိုက်ပါ စီးမျောသွားခဲ့ပါတော့တယ်။ အဲဒီနောက်မှာ ကျွန်တော်ဟာ ပရီမို လယ်ဗီရဲ့ ဘဝမှတ်တမ်းစာအုပ်အတော်များများအပါအဝင် အန်းဖရန့်ခ် (Anne Frank) ရဲ့ မှတ်စုစာအုပ်နဲ့ ဘဝအကြောင်းတွေ၊ အယ်လီ ဗီဇယ် (Elie Wiesel) တို့ရဲ့ စာအုပ် အတော်များများကိုလည်း ဖတ်ရှုနိုင်ခဲ့ပါတယ်။ အထူးသဖြင့် အန်းဖရန့်ခ်ရဲ့ ဒိုင်ယာရီစာအုပ်နဲ့ ဗီဇယ်ရဲ့ ဟစ်တလာ့အတ္တုပ္ပတ္တိအကြောင်းရေးထားတဲ့ စာအုပ်တွေဆိုရင် အခုချိန်အထိ ကျွန်တော့်အနေနဲ့ မှတ်မိနေပါသေးတယ်။ အဲဒီနောက်မှာတော့ နွေရာသီ ကျောင်းပိတ်ရက်ရှည်ဟာ ကုန်လွန်ဖို့ နီးကပ်လာခဲ့ပါတယ်။ တခြားကျောင်းသားတွေလိုပဲ စာသင်နှစ်အသစ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေချိန်မှာပဲ ကျွန်တော်ဟာ ဗစ်ခ်တာဖရန်ကယ်ရဲ့ Man's Search for Meaning (ယခုစာအုပ်) စာအုပ်ကို ရှာတွေ့ခဲ့ပါတယ်။ စာအုပ်ခေါင်းစဥ် Man's Search for Meaning ဆိုတာဟာ အဲဒီအချိန်တုန်းက ကျွန်တော့်အတွက်တော့ အနည်းငယ် ကြက်သီးထစရာ ကောင်းနေခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီစာအုပ်ဟာ ကျွန်တော့်အတွက်တော့ - လူသားတွေက လူသားအချင်းချင်း ဘယ်လောက်ထိတောင်မှ ရက်စက်ယုတ်ကမ်းနိုင်သလဲ - ဆိုတဲ့ လူသားတွေရဲ့ အမှောင်မိုက်ဆုံး အချိန်ကို နားလည်သဘောပေါက်နိုင်ဖို့ မဖြစ်မနေ ကျော်ဖြတ်ရမယ့် လှေကားထစ်တစ်ခုဆိုတာကို ကျွန်တော် နားလည် သဘောပေါက်ခဲ့ပါတယ်။

ဖရန်ကယ်ရဲ့ စာအုပ်ဟာ အန်းဖရန့်၊ လယ်ဗီနဲ့ ဗီဇယ်တို့ရဲ့ စာအုပ်တွေလိုပါပဲ။ ကျွန်တော်ရဲ့ စိတ်အာရုံကို နက်ရှိုင်းစွာ ညှို့ယူနိုင်ခဲ့ပါတယ်။ အဲဒီစာအုပ်ကို ကျွန်တော် ပထမဆုံးအကြိမ် စဖတ်ခဲ့တဲ့ ၁၉၈၆ ခုနှစ်က ကျွန်တော်ခံစားမိခဲ့တဲ့ ခံစားချက်ဟာ နောက်ထပ် နှစ် ၃၀ အကြာ၊ ယခု ဥယျောဇဉ်ကို ရေးသားနေတဲ့

mgyoe.com

အချိန်အထိ ခံစားရမိနေတုန်းပါပဲ။ သူရဲ့ ရှင်းလင်းတဲ့ ရေးသားချက်တွေဟာ အဲဒီလို လူမဆန်လောက်အောင် ရက်စက်ဖိနှိပ်ခဲ့တဲ့ အချိန်ကာလအတွင်းမှာ အကျဉ်းသား တွေ ဘယ်လိုခံစားခဲ့ရသလဲဆိုတာ စာဖတ်သူကို ခံစားရမိစေတယ်။ အဲဒီထက်ပိုပြီး ထူးခြားတဲ့အချက်ကတော့ အဲဒီလိုအဖြစ်အပျက်တွေကို ပြန်လည်ရေးသားနေချိန် မှာ သူ့ဆီက ဘာဒေါသ၊ အာဃာတကိုမှ မခံစားရဘဲ ရှင်းရှင်းလင်းလင်းနဲ့ နားလည် လွယ်နေတာပါပဲ။

လူတွေဟာ သူတို့ နေထိုင်ရာ ကိုယ်ပိုင်အိမ်တွေကနေပြီး ထိတ်လန့်ကြောက် ရွံ့ဖွယ်ကောင်းတဲ့ နေရာတွေဆီကို အတင်းအကျပ် ခေါ်ဆောင်သွားတာခံရတဲ့အချိန် မှာ ခံစားခဲ့ကြရတဲ့ စိုးရိမ်မှု၊ ကြောက်ရွံ့မှုနဲ့ ဝမ်းနည်းမှုတွေကို သူရဲ့ အရေးအသား တွေကနေ အပြည့်အဝခံစားရပါတယ်။ သေချာပေါက် အသတ်ခံရမယ့် အခြေအနေ နဲ့ လျှပ်စစ်ခြံစည်းရိုးတွေကြားထဲမှာ နေထိုင်ရင်း လူတွေဟာ သူတို့ရဲ့ ကံကြမ္မာကို လက်ခံနိုင်ဖို့ သူတို့ရဲ့ဘဝတွေကို တဖြည်းဖြည်း ပြောင်းလဲလာခဲ့ပုံကို ထင်သာမြင်သာ ရှိအောင် ရေးဖွဲ့နိုင်ခဲ့ပါတယ်။ ပြီးတော့ ဘယ်လိုလူပဲဖြစ်ဖြစ်၊ နောက်ဆုံးမှာတော့ သူသေရတော့မယ်ဆိုတာကို သေချာသိလာတဲ့အခါ - သူကိုယ်တိုင် အသက်ရှင်ဖို့ အတွက် အစွမ်းကုန် ကြိုးစားကြတဲ့ လူသားရဲ့ အခြေခံအကျဆုံး ရှင်သန်လိုစိတ်ဆို တဲ့ အစ္စျတ္တကို သူဟာ မီးမောင်းထိုးပြနိုင်ခဲ့ပါတယ်။

အဲဒီနောက်မှာ နောက်ဆုံး အဲဒီနစ်နာသူတွေဟာ အကျဉ်းစခန်းတွေဆီက နေ လွတ်မြောက်လာခဲ့ရင်တောင်မှ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုတွေဟာ ဘယ် လောက်ထိ ဆိုးရွားပျက်စီးသွားသလဲဆိုတာနဲ့ အဲဒီစိတ်ဒဏ်ရာတွေကို ကုစားဖို့ လူတွေဟာ နှစ်ပေါင်းများစွာ ဘယ်လိုကြိုးစားကျော်ဖြတ်ရလဲဆိုတာကို ရှင်းပြထား ခဲ့တယ်။

ဒါ့အပြင် ဖရန်ကယ်ဟာ ကျွန်တော်တို့ကို 'လွတ်မြောက်ခြင်း' ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ပြန်လည် သုံးသပ်ဖို့ လှုံ့ဆော်ခဲ့တယ်။ အဲဒီနစ်နာသူတွေ ဟာ အကျဉ်းစခန်းတွေကနေ ခန္ဓာပိုင်းဆိုင်ရာ လွတ်မြောက်သွားပေမဲ့လည်း သူတို့ တကယ်ပဲ လွတ်မြောက်ခဲ့ရဲ့လား ဆိုတာကိုပေါ့။ သူတို့ အမှန်တကယ် လွတ်မြောက် ခဲ့တယ်လို့ ကျွန်တော်တော့ မထင်ပါဘူး။ သူတို့ ကြုံတွေ့ခဲ့ရတဲ့ စိတ်ဒဏ်ရာတွေ ဟာ လူတစ်ယောက်အနေနဲ့ ကျော်လွှားနိုင်ဖို့ အင်မတန်ခက်ခဲလှပါတယ်။ သူတို့ရဲ့

mgyoe.com

မှတ်ဉာဏ်ထဲက အဖြစ်အပျက်တွေဟာ သူတို့အတွက် တကယ်ပဲ နာကျင်ရမယ်ဆိုတာ သေချာပါတယ်။ ပြီးတော့ သူတို့ဆုံးရှုံးခဲ့ရတဲ့ မိသားစုဝင်တွေအတွက် ဝမ်းနည်းမှုတွေဟာ စိတ်နှလုံးရဲ့ အောက်ခြေအထိကို နက်ရှိုင်းနေမယ်ဆိုတာ သိပါတယ်။ အဲဒီလိုအရာတွေကို မေ့ပျောက်သွားနိုင်ဖို့၊ သယ်ဆောင်ပြီး ရှင်သန်သွားဖို့ဆိုတာ အမှန်တကယ်ပဲ ခက်ခဲလှပါတယ်။

အကျဉ်းစခန်းတွေကနေ လွတ်မြောက်လာတဲ့ လူတွေရဲ့ ကိုယ်တွေ့မှတ်တမ်းတွေဟာ တကယ်ကိုပဲ အံ့သြစရာတွေနဲ့ ထိတ်လန့် ဝမ်းနည်းစရာကောင်းလှပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက်တော့ ဖရန်ကယ်ရဲ့စာအုပ်မှာ ဘယ်လိုမှ ထင် မထားမိတဲ့ အံ့အားသင့်စရာတစ်ခုဟာ ဖရန်ကယ်ရဲ့ ယုံကြည်မှုပဲ ဖြစ်ပါတယ်။ ဖရန်ကယ် ယုံကြည်ခဲ့တဲ့ - ကျွန်တော်တို့ဘဝမှာ ကြုံတွေ့ရတဲ့ ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ ကြင်နာသနားမှုနဲ့ ရက်စက်မှုအပါအဝင် အရာအားလုံးဟာ ကျွန်တော်တို့ ဘဝရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ယူဆပြီး အဲဒီအရာတွေကို သူတို့ရှိနှင့်နေပြီးတဲ့အတိုင်း လက်ခံပေးရလိမ့်မယ်ဆိုတဲ့ - အယူအဆဟာ တကယ်ပဲ ကျွန်တော့်ကို အံ့အားသင့်စေခဲ့ပါတယ်။

အဲဒီလို တွေးခေါ်ပုံဟာ ဒဿနနယ်ပယ်မှာရှိတဲ့ Stoicism[1] အယူအဆထဲက တစ်ခုခုနဲ့ ဆင်တူတာမျိုး ရှိသလိုထင်ရပေမဲ့လည်း တကယ်တမ်း ဖရန်ကယ် ဘယ်လိုမျိုးကြုံတွေ့ခံစားပြီး ကျော်ဖြတ်ခဲ့လဲဆိုတာကို နားလည်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ သူ့နေရာကနေ ဖြတ်သန်းကြည့်ဖို့ လိုလိမ့်မယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်။ ဒါ့အပြင် အဲဒီဖြတ်သန်းမှုကပဲ သူ့ကို နေ့ရက်တိုင်းမှာ ရှင်သန်ဖို့ပြင်းပြတဲ့ ခွန်အားနဲ့ နောက်ပိုင်း သူရဲ့ ဖြတ်သန်းမှုကို ပြန်လည်မျှဝေရဲတဲ့ သတ္တိကို ပေးခဲ့ပါတယ်။ ဖရန်ကယ်ဟာ အဲဒီအဖြစ်အပျက်တွေ ဖြစ်ပြီးတဲ့နောက်ပိုင်း ပြန်တွေးတိုင်း ယူကျုံးမရ ဝမ်းနည်းနေတဲ့ လူတွေထဲမပါဝင်ခဲ့ဘဲ ပြင်ပကမ္ဘာက လူတွေအနေနဲ့

1 Stoicism – ရှေးဟောင်း ဂရိဒဿနပညာရပ်ဆိုင်ရာ အတွေးအခေါ်တစ်ခုဖြစ်ပါတယ်။ Stoicism အယူအဆရ လူသားတွေဟာ မိမိတို့ထိန်းချုပ်နိုင်တဲ့ အရာတွေကိုသာ ထိန်းချုပ်ဖို့ အာရုံစိုက်သင့်ပြီး မထိန်းချုပ်နိုင်တဲ့ အရာတွေနဲ့ပတ်သက်ပြီး ပူပင်သောကများမနေဘဲ အရှိကို အရှိအတိုင်းသာ လက်ခံသဘောပေါက်ရမယ်လို့ ယူဆကြပါတယ်။ နာကျင်မှု၊ ဆင်းရဲဒုက္ခ၊ ဆုံးရှုံးမှုနဲ့ အခက်အခဲတွေကို ရင်ဆိုင်ဖြတ်သန်းရင်း မိမိကိုယ်မိမိ တည်ငြိမ်၊ သန်မာအောင် ကြိုးစားရမယ်ဆိုတာဟာ Stoicism ရဲ့ ပင်မ အတွေးအခေါ်ဖြစ်ပါတယ်။

mgyee.com

mgyoe.com SAMPLE BOOK

နစ်နာသူတွေ ဘယ်လိုမျိုး ကြုံတွေ့ ခံစားခဲ့ရလဲဆိုတာကို နားလည်နိုင်ဖို့ ကူညီပေးခဲ့တဲ့ လူတွေထဲက တစ်စိတ်တစ်ပိုင်း ဖြစ်ခဲ့ပါတယ်။ အဲဒီလိုမျိုး ကူညီပေးခဲ့ခြင်းအားဖြင့်လည်း သူတို့အနေနဲ့ ဒီလိုမျိုးအဖြစ်ဆိုးကြီး နောက်ထပ်တစ်ကြိမ် ဘယ်တော့မှ ထပ်မဖြစ်တော့ဖို့ကို မျှော်လင့်ခဲ့ကြပါတယ်။

ဖရန်ကယ်ရဲ့ အထင်ရှားဆုံးအယူအဆကတော့ - လူတွေဟာ လှောင်ပိတ်အကျဉ်းချခံထားရပြီး နောက်ဆုံး သေမင်းခံတွင်းဝကို ဖြတ်သန်းနေရတဲ့ အခြေအနေမှာတောင် အဲဒီအခြေအနေကို သူတို့အနေနဲ့ ဘယ်လိုမျိုး ပြန်လည်တုံ့ပြန်မလဲဆိုတဲ့ ရွေးချယ်မှုကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်နေသေးတယ် - ဆိုတဲ့ အယူအဆပဲဖြစ်ပါတယ်။ သူဟာ အဲဒီအယူအဆကို တကယ်ပဲ နက်ရှိုင်းစွာ ယုံကြည်ခဲ့တယ်။ လူဟာ သူ့ဘဝရဲ့ အဆိုးရွားဆုံးအခြေအနေနဲ့ ရင်ဆိုင်နေရတယ် ဆိုရင်တောင်မှ ရှင်သန်ဖို့ မျှော်လင့်ချက်ကို လက်မလျှော့ရဘူး၊ မျှော်လင့်ချက်ကို လက်လျှော့လိုက်တာဟာ ဘဝကို လက်မြှောက်အရှုံးပေးလိုက်တာနဲ့ အတူတူပဲလို့ သူက ယူဆတယ်။

ဖရန်ကယ်ဟာ ကိုယ်တိုင် အကျဉ်းသားဘဝနဲ့ ဖြတ်သန်းနေရချိန်မှာပဲ အကျဉ်းစခန်းထဲမှာ ရှိနေတဲ့ - အကျဉ်းသားတွေနဲ့ ထောင်စောင့်တွေကို သေသေချာချာ လေ့လာခဲ့တယ်။ ပြီးတော့ အဲဒီလို လေ့လာမှုပေါ်မှာထားတဲ့ သူရဲ့ ရိုးသားတဲ့ သုံးသပ်ချက်တွေဟာ အံ့အားသင့်စရာဖြစ်စေခဲ့ရပါတယ်။ အဲဒီလို ထင်မြင်မှုတွေနဲ့ ရေးသားမှုတွေကြောင့် သူရဲ့ စာအုပ် ပထမဆုံး ထွက်ရှိလာတဲ့ ၁၉၄၆ ခုနှစ်တုန်းက ဆိုရင် တချို့လူတွေဟာ အဲဒီစာအုပ်ကြောင့် ဒေါသထွက်ရတာတွေ၊ စိတ်ရှုပ်ထွေးရတာတွေဖြစ်လို့ ဖတ်ဖို့ ငြင်းဆန်ခဲ့ကြပါတယ်။

ကျွန်တော့်အတွက်တော့ ဒီစာအုပ်ထဲမှာ စိတ်ဝင်စားဖို့ အကောင်းဆုံးအချက်တစ်ခုကတော့ ဖရန်ကယ်အနေနဲ့ အကျဉ်းစခန်းထဲက 'နစ်နာသူ' တွေရဲ့ ဘဝအကြောင်းနဲ့ ပတ်သက်ပြီး ပြောပြထားချက်တွေပါပဲ။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ 'အကျဉ်းသား'(prisoner)လို့ မသုံးဘဲ 'နစ်နာသူ'(victim) လို့ပဲ အသုံးပြုချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ 'အကျဉ်းသား' ဆိုတဲ့ စကားလုံးဟာ ဖမ်းဆီးချုပ်နှောင်ထားဖို့ လိုအပ်တဲ့ လူတစ်ယောက်လို့ အဓိပ္ပာယ် ရပါတယ်။ 'နစ်နာသူ' ဆိုတဲ့ စကားလုံးကတော့ သူတို့ဟာ လုံးဝ အပြစ်ကင်းစင်သူများဖြစ်ပြီး မှားယွင်းစွာ စွပ်စွဲ ဖိနှိပ်ခံရတယ်လို့ ဖော်ပြနေပါတယ်။ ကျွန်တော့်လိုမျိုး မတူညီတဲ့ ရေမြေအခံနဲ့ မတူညီတဲ့

mgyoe.com

မျိုးဆက်တစ်ခုက လူတစ်ယောက်အတွက်တော့ အဲဒီလိုမျိုး အခြေအနေကနေ လွတ်မြောက်သွားတဲ့အခါမှာ စိတ်ရှုပ်ထွေးခြင်း၊ လွတ်လပ်မှုနဲ့ ဒေါသတရားတွေကို တစ်ပြိုင်နက်တည်း ခံစားရတဲ့ ခံစားချက်ကို အပြည့်အဝနားလည်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်တော်မှမဟုတ်ပါဘူး၊ ဒီနေ့ခေတ် ကမ္ဘာပေါ်က ဘယ်သူကမှ အဲဒီခံစားချက်ကို နားလည်မယ်လို့ မထင်ပါဘူး။ အဲဒီငရဲခန်းကနေ လွတ်မြောက်လာပြီးနောက်မှာတော့ သူတို့ရဲ့ ကျန်ရှိနေတဲ့ဘဝအပေါ်မှာ နစ်မျောပျော်ရွှင်နိုင်မှုဟာ တစ်စစီကျိုးပဲ့ပျက်စီးသွားပြီး ပြန်လည်တည်ဆောက်ဖို့ သိပ်ကို ခက်ခဲသွားလိမ့်မယ်ဆိုတာကို ကျွန်တော်ခံစားနိုင်ပါတယ်။ လူသားဆန်မှုရဲ့ တစ်ဖက်ခြမ်းက အဆိုးရွားဆုံးမျက်နှာပြင်ကို မြင်တွေ့ပြီးသွားတဲ့နောက်မှာတော့ ခင်ဗျားအနေနဲ့ လူတွေကြားထဲမှာ ဘယ်လိုစိတ်မျိုးနဲ့ ဆက်လက်ရှင်သန်နိုင်ပါတော့မလဲ။ အဲဒီငရဲခန်းကနေ လွတ်မြောက်လာတဲ့ နစ်နာသူတိုင်းဟာ ဒီအခြင်းအရာနဲ့ ပတ်သက်ပြီး ဘယ်လိုရင်ဆိုင်ဖြေရှင်းမလဲဆိုတာကို နည်းလမ်းရှာကြရပါတယ်။ အဲဒီထဲက တချို့လူတွေကတော့ တခြားလူတွေထက် ပိုပြီးကောင်းမွန်တဲ့ နည်းလမ်းတွေကို ရှာတွေ့ကောင်း တွေ့ကြပါလိမ့်မယ်။ ဖရန်ကယ်အတွက်တော့ အဲဒီဒဏ်ရာတွေကို ကိုင်တွယ်ဖြေရှင်းဖို့ နည်းလမ်းကတော့ တစ်ခုတည်းပဲ ရှိပါတယ်။ အဲဒါကတော့ စာချရေးခြင်းပါပဲ။

ဗစ်ခ်တာ ဖရန်ကယ် သေဆုံးချိန်မှာတော့ ကျွန်တော်ဟာ ကလေးသာသာအရွယ်ပဲရှိပါသေးတယ်။ ဒါပေမဲ့လည်း စာရေးဆရာတစ်ယောက်အနေနဲ့ ကျွန်တော်ဟာ ကိုယ်ပိုင်ဇာတ်လမ်းတွေကနေတစ်ဆင့် နာဇီတို့ရဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှုနဲ့ ပတ်သက်ပြီး နားလည်ဖို့ ကြိုးစားနေခဲ့မိပါတယ်။ အဲဒီအခိုက်မှာပဲ ကံအကြောင်းသင့်စွာနဲ့ ကျွန်တော်ဟာ အဲဒီငရဲခန်းကလွတ်မြောက်ခဲ့သူတချို့နဲ့ ဆုံတွေ့ခွင့်ရရှိခဲ့ပါတယ်။ ကျွန်တော်ရဲ့ စာရေးဆရာဘဝတစ်လျှောက် တစ်ဖက်လူအတွက် ရင်ထဲကနေနက်နက်ရှိုင်းရှိုင်း လေးစားရိုကျိုးခြင်းကို ခံစားရတဲ့အခိုက်အတန့်တွေဟာ - ပြဇာတ်ရုံတွေ၊ Community Centre တွေနဲ့ ခန်းမကြီးတွေထဲက ပရိသတ်နေရာမှာ ထိုင်ရင်း - အဲဒီငရဲခန်းကနေ လွတ်မြောက်လာသူတွေရဲ့ အတွေ့အကြုံကို နားထောင်မျှဝေရတဲ့ အခိုက်အတန့်တွေပါပဲ။ အဲဒီနောက် သူတို့နဲ့ စကားပြောဆိုခွင့်ရတဲ့အခါမှာလည်း ကျွန်တော်ဟာ သူတို့ရဲ့ ဖြတ်သန်းမှုအတွက် တကယ်ကို ဂုဏ်ယူမိပါတယ်။ ပြီးတော့ နာဇီအကျဉ်းစခန်းနဲ့ ပတ်သက်ပြီး ကျွန်တော်ရေးသားခဲ့သမျှဟာ ကျွန်တော်ရဲ့စိတ်

mgyoe.com

mgyoe.com SAMPLE BOOK

ကူးယဥ်ပုံဖော်မှုတွေချည်းသာဖြစ်တဲ့အတွက်ကြောင့် တကယ်နစ်နာသူတို့ဖြတ်သန်းမှုဇာတ်လမ်းတွေနဲ့ ယှဥ်ရင်တော့ ကျွန်တော်ဟာ မထိုက်တန်သူတစ်ယောက်လို ခံစားရပါတယ်။ ပြီးတော့ အဲဒီလူတွေနဲ့ စကားပြောဆို ဖြတ်သန်းခဲ့ရတဲ့ အခိုက်အတန့်တွေကို ကျွန်တော်ဟာ ဘဝတစ်လျှောက်လုံး အမြဲတမ်း အမှတ်ရ တန်ဖိုးထားနေမှာပါ။ အဲဒီစကားဝိုင်းတွေမှာ ဗစ်ခ်တာ ဖရန်ကယ်နဲ့ သူရဲ့ စာအုပ်အမည်တို့ဟာ မကြာခဏဆိုသလို တခြားအရေးကြီးတဲ့ စာအုပ်တွေ၊ အကြောင်းအရာတွေနည်းတူ ပါလာတတ်စမြဲပါ။ အဲဒါဟာ ဖရန်ကယ်ထားရစ်ခဲ့တဲ့ သမိုင်းမှတ်တိုင်တစ်ခုပါပဲ။

တချို့လူတွေကတော့ 'ကျွန်တော်တို့အနေနဲ့ ဘာလို့ အဲဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ဆက်လက်ရေးသားဖို့ လိုအပ်သလဲ' လို့ မကြာခဏမေးတတ်ကြပါတယ်။ ဘာကြောင့်လဲလို့ မေးလာရင် ကျွန်တော့်အနေနဲ့ စာပေရဲ့ အခန်းကဏ္ဍဟာ အရေးပါတာကြောင့်လို့ပဲ ဖြေရပါလိမ့်မယ်။ စိတ်ကူးယဥ်ဝတ္ထုဖြစ်စေ၊ ကိုယ်တွေ့ဝတ္ထုဖြစ်စေ၊ ကိုယ်တွေ့မှတ်တမ်းဖြစ်စေ - စာအုပ်စာပေတိုင်းဟာ လူတွေကြားမှာ ရင်ဘတ်ချင်း နီးစပ်သွားပြီး ငြင်းခုံဆွေးနွေးမှုတွေ၊ ခံစားချက်တွေနဲ့ ဝေဖန်ဆန်းစစ်မှုတွေကို ဖြစ်ပေါ်စေပါတယ်။ စာပေဟာ တခြားသော နိုင်ငံရေး၊ ဘာသာရေးတွေလိုမျိုး လူတွေကို စိတ်ဝမ်းကွဲပြားစေတဲ့ အရာတွေမဟုတ်ဘဲ လူတွေကြားထဲက မတူကွဲပြားတဲ့ ရှုမြင်ပုံတွေနဲ့ ဆွေးနွေးမှုတွေကို လက်ခံကြိုဆိုတတ်ပါတယ်။ စာပေဟာ ကျွန်တော်တို့ ချစ်ခင်မြတ်နိုးရတဲ့ လူတွေအချင်းချင်းကြားမှာတောင် နက်ရှိုင်းစွာ ဆွေးနွေးငြင်းခုံမှုတွေ ဖြစ်လာစေဖို့ ကူညီပံ့ပိုးပေးပါတယ်။ ဒါပေမဲ့လည်း တခြားသော ဘာသာရေး၊ နိုင်ငံရေးတွေလိုမျိုး စာပေဟာ သမိုင်းမှာ ဘယ်တုန်းကမှ လူအချင်းချင်း ထိခိုက်နာကျင်အောင်၊ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ရန်ငြိုးတွေ မဖြစ်စေခဲ့သလို ဘယ်သူတစ်ဦးတစ်ယောက်ကိုမှလည်း မသေဆုံးစေခဲ့ပါဘူး။ ဗစ်ခ်တာ ဖရန်ကယ်ဟာ အဲဒီအကြောင်းအရာကို ကောင်းစွာ နားလည်သဘောပေါက်ခဲ့ပုံ ပေါ်ပါတယ်။ ဘာကြောင့်လဲဆိုရင် သူရဲ့ Man's Search for Meaning စာအုပ်ဟာ အဲဒီလိုမျိုး စာအုပ်တစ်အုပ် ဖြစ်ခဲ့လို့ပါပဲ။ ကျွန်တော်တို့ ကိုယ်တိုင် သေသေချာချာ ဖတ်ရှုရမယ့် စာအုပ်၊ တန်ဖိုးထားရမယ့် စာအုပ်၊ ဆွေးနွေးငြင်းခုံရမယ့်စာအုပ်၊ ပြီးတော့ နောက်ဆုံး နာဇီတို့ရဲ့ လူမျိုးသုဉ်း

mgyoe.com

သတ်ဖြတ်မှုကို ကြုံတွေ့ခဲ့ရတဲ့ နစ်နာသူတစ်ဦးချင်းစီရဲ့ ရှင်သန်မှုကို ကျန်ရစ်သူတွေအနေနဲ့ စိတ်နှလုံးထဲမှာ ဆက်လက် ထိန်းသိမ်းသွားရမယ့် စာအုပ်တစ်အုပ်ပါပဲ။

- ဂျွန် ဘွိုင်းန် (John Boyne)

ဂျွန် ဘွိုင်းန်ဟာ ကမ္ဘာကျော် ဝတ္ထုစာအုပ်တစ်အုပ်ဖြစ်တဲ့ The Boy in the Striped Pajamas (2006) စာအုပ်အပါအဝင် စာအုပ်ပေါင်းများစွာကို ရေးသားထုတ်ဝေခဲ့တဲ့ စာရေးဆရာတစ်ဦးဖြစ်ပါတယ်။

၀

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ၁၉၉၂ ထုတ်ဝေခြင်းမှ အမှာစာ

အခုဆိုရင် ဒီစာအုပ်ဟာ အင်္ဂလိပ်ဘာသာအပါအဝင် တခြားသော ဘာသာစကား ၂၁ မျိုးကို ဘာသာပြန်ဆိုပြီး ထုတ်ဝေတာ အကြိမ် ၁၀၀ မြောက်နီးပါးရှိလာပါပြီ။ အင်္ဂလိပ်ဘာသာတစ်မျိုးတည်းနဲ့တင် အုပ်ရေ ၃ သန်းကျော် ရိုက်နှိပ်ရောင်းချခဲ့ရပြီးပါပြီ။ ဒီအချက်တွေဟာ တစ်ခါတလေမှာ – 'ဒေါက်တာ ဖရန်ကယ်၊ ခင်ဗျားရဲ့ စာအုပ်ဟာ ကမ္ဘာပေါ်မှာ ရောင်းအားအကောင်းဆုံးစာအုပ်တစ်အုပ် ဖြစ်လာခဲ့ပါပြီ၊ ဒီလိုအောင်မြင်မှုနဲ့ ပတ်သက်ပြီး ခင်ဗျားအနေနဲ့ ဘယ်လိုမျိုးခံစားရပါသလဲ' ဆိုတဲ့ မေးခွန်းမျိုးနဲ့ အင်တာဗျူးကို အစချီတတ်တဲ့ အမေရိကန်ဂျာနယ်လစ်တွေ (အထူးသဖြင့် တီဗီပေါ်က) နဲ့ ရင်ဆိုင်ရစေပါတယ်။ ဒီလိုကြုံလာရတိုင်းမှာ များသောအားဖြင့် ကျွန်တော်ပြန်ပြီး တုံ့ပြန်တတ်တာက၊ ကျွန်တော့်အနေနဲ့ စာအုပ်ရဲ့ လူကြိုက်များမှုနဲ့ ပတ်သက်ပြီး ဒါကို ပုဂ္ဂိုလ်ရေး အောင်မြင်မှုတစ်ခုအဖြစ် မမှတ်ယူဘူး ဆိုတာပါပဲ။ အဲဒီအစား ဒီစာအုပ်ကို ကျွန်တော်တို့ခေတ်ရဲ့ ဒုက္ခဆင်းရဲခြင်းကို ထင်ဟပ်စေတဲ့ ကိုယ်စားပြုမှုတစ်ခုအဖြစ်သာ ကျွန်တော့်အနေနဲ့ ရှုမြင်ပါတယ်။ ဒီတော့ ဘဝရဲ့အဓိပ္ပာယ်ကို ဖွေရှာဖို့အတွက် ရည်ညွှန်းတဲ့ စာအုပ်တစ်အုပ်ကို လူအများက စိတ်ဝင်တစား ဝယ်ယူဖတ်ရှုနေကြတယ်ဆိုရင် အဲဒီ ဘဝအဓိပ္ပာယ်ဆိုတဲ့ မေးခွန်းဟာ သူတို့အတွက် နက်ရှိုင်းစွာဖြေရှင်းဖို့ လိုအပ်နေတဲ့ မေးခွန်းတစ်ခုဖြစ်နေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း မြင်နိုင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ထပ် ဒီစာအုပ်ကို လူတွေအပေါ်မှာ လွှမ်းမိုးမှုဖြစ်စေတဲ့အချက်တစ်ချက်ကတော့ စာအုပ်ရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ 'အဓိပ္ပာယ်ရှာဖွေမှုကုထုံး အကျဉ်းချုပ်' ဖြစ်ပါလိမ့်မယ်။ ဒီအပိုင်းဟာ ကျွန်တော့်စာအုပ်ရဲ့ ပထမပိုင်းဖြစ်တဲ့ 'ဂျူးသုတ်သင်ရှင်းလင်းရေး အလုပ်ကြမ်းစခန်းအတွင်းမှ ဘဝအတွေ့အကြုံများ' ခေါင်းစဉ်အောက်က ကျွန်တော်ရဲ့ ကိုယ်တွေ့ဇာတ်လမ်းနဲ့ပတ်သက်ပြီး အဓိကအယူအဆတွေကို ဆွဲထုတ်ဖော်ပြပေးတဲ့ အပိုင်းဖြစ်နေလို့ပါပဲ။ ပထမအပိုင်းဟာ ဒုတိယအပိုင်းထဲက အယူအဆတွေနဲ့ပတ်သက်တဲ့ လက်တွေ့ဘဝ အတွေ့အကြုံတွေကို သက်သေပြပေးပြီး ဒီအပိုင်းနှစ်ပိုင်းရဲ့ ချိတ်ဆက်မှုဟာ အများယုံကြည်လက်ခံနိုင်စွမ်းကို ပိုပြီး ခိုင်မာထင်ရှားစေပါတယ်။

ဒီစာအုပ်ကို ၁၉၄၅ ခုနှစ်မှာ ကျွန်တော်စရေးသားခဲ့စဉ်တုန်းကဆိုရင် ကျွန်တော့်စိတ်ထဲမှာ ဘာမှ ရှိမနေပါဘူး။ စာအုပ်တစ်အုပ်လုံးကို ၉ ရက်အတွင်းပြီးအောင်ရေးခဲ့ပြီး အဲဒီအချိန်တုန်းက ဒီစာအုပ်ကို 'စာရေးသူအမည်မဲ့' အခြေအနေနဲ့ ထုတ်ဝေဖို့ စိတ်အားထက်သန်ခဲ့ပါတယ်။ ဒီအချက်ကို စာအုပ်မျက်နှာဖုံးပေါ်မှာ ကျွန်တော့်နာမည်မပါဝင်ခဲ့တဲ့ ပထမဦးဆုံး ဂျာမန်ဘာသာနဲ့ ထုတ်ဝေခြင်းကိုကြည့်ရင် သိနိုင်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ တိုက်တွန်းမှုကြောင့်ပဲ ထုတ်ဝေဖြန့်ချိခြင်း မတိုင်ခင်လောက်မှာ မာတိကာစာမျက်နှာမှာ ကျွန်တော့်နာမည်ထည့်ရေးဖို့ သဘောတူခဲ့ပါတယ်။ ဒါပေမဲ့လည်း အစပထမဦးမှာကတည်းက တကယ်လို့သာ ဒီစာအုပ်ဟာ အမည်မဲ့အနေနဲ့ ထုတ်ဝေလိုက်မယ်ဆိုရင် ဒီစာအုပ်ရဲ့ စာပေအစဉ်အလာဟာ မှေးမှိန်သွားမယ်လို့ ကျွန်တော်တွေးမှတ်ခဲ့ပြီးသားပါ။ တကယ်တော့ ကျွန်တော့်အနေနဲ့လည်း အဲဒီလိုမဖြစ်စေချင်ခဲ့ပါဘူး။ ကျွန်တော်ရဲ့ အဓိကရည်ရွယ်ချက်က စာဖတ်သူတွေအနေနဲ့ လက်တွေ့ဘဝဖြစ်ရပ်မှန်တွေကို နမူနာယူ ဖတ်ရှုပြီး အခက်ခဲဆုံး အခြေအနေတွေမှာတောင်မှ ကျွန်တော်တို့ရဲ့ ဘဝတွေဟာ အဓိပ္ပာယ်ရှိနေတုန်းပဲဆိုတာကို သိမှတ်နားလည်စေဖို့ပါပဲ။ ဒီတော့ ကျွန်တော့်အနေနဲ့ နာဇီတွေရဲ့ ဂျူးသုတ်သင်ရေးအလုပ်ကြမ်းစခန်း[1]နဲ့ပတ်သက်ပြီး နမူနာပေးကာ ရေးသားခဲ့မယ်ဆိုရင် လူတွေအနေနဲ့ နားထောင်မယ်လို့ ယုံကြည်ခဲ့တာ အမှန်ပါပဲ။ စိတ်ပျက်ဝမ်းနည်း အားငယ်ခြင်းတွေနဲ့ ရုန်းကန်

1 ဂျူးသုတ်သင်ရှင်းလင်းရေးအလုပ်ကြမ်းစခန်း = concentration camp

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်သန်နေရတဲ့လူတွေကို ကူညီဖို့အတွက် ကျွန်တော့်အနေနဲ့ ကြုံတွေ့ခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေကို စာအုပ်တစ်အုပ်အဖြစ် ချရေးဖို့ တာဝန်ရှိတယ်လို့ တကယ်ပဲ ယုံကြည်မျှော်လင့်ခဲ့ပါတယ်။

ဒီတော့ ကျွန်တော့်အနေနဲ့ ရေးသားထုတ်ဝေခဲ့တဲ့ စာအုပ်ပေါင်းများစွာထဲကမှ ဒီစာအုပ်ဟာ – အမည်မဖော်လိုတဲ့၊ ကိုယ်ရည်ကိုယ်သွေးရယူလိုစိတ် လုံးဝမရှိဖို့ ရည်ရွယ်ခဲ့တဲ့ စာအုပ်ဖြစ်ပေမဲ့ တကယ်တမ်းမှာ ထင်ထားတာထက် အများကြီး အောင်မြင်ကျော်ကြားသွားတာက ကျွန်တော့်အတွက်တော့ အတော်လေးကို ထူးဆန်းပြီး အံ့အားသင့်စရာကောင်းနေခဲ့ပါတယ်။ ဒါကြောင့်ပဲ ကျွန်တော်ဟာ ဥရောပနဲ့ အမေရိကန်မှာရှိတဲ့ ကျွန်တော်ရဲ့ ကျောင်းသားတွေအားလုံးကို - 'ဘယ်တော့မှ အောင်မြင်မှုနောက်ကို မလိုက်နဲ့။ အောင်မြင်မှုနောက်ကို လိုက်လေလေ၊ အောင်မြင်မှုဟာ မင်းတို့နဲ့ ပိုပြီးဝေးသွားလေလေပဲ ဖြစ်လိမ့်မယ်။ ပျော်ရွှင်မှုလိုပဲ အောင်မြင်မှုဆိုတာဟာ ရယူလို့ရတဲ့အရာမဟုတ်ဘူး။ အောင်မြင်မှုဆိုတာဟာ မင်းတို့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် အခုထက်ပိုပြီး ကြီးကျယ်မြင့်မြတ်တဲ့ အခြေအနေတစ်ခုရောက်လာအောင် နှစ်မြှုပ်ထားမယ်ဆိုရင် (ဒါမှမဟုတ်) တခြားတစ်စုံတစ်ယောက်အတွက် အပြည့်အဝပေးဆပ်ကူညီလိုက်တဲ့အခါ မင်းတို့ဆီကို အမှန်တကယ်ရောက်ရှိလာတဲ့ အကျိုးဆက်တစ်ခုပဲ။ ဒီတော့ ပျော်ရွှင်မှုနဲ့ အောင်မြင်မှုဆိုတာက အဲဒီအရာတွေကို ရရှိပိုင်ဆိုင်အောင်ဆိုပြီး ဦးတည်ချက်ထားတာကို ရပ်တန့်လိုက်တဲ့အချိန်ကျမှ မင်းဆီကိုရောက်ရှိလာမယ့် အရာတစ်ခုပဲ။ ကိုယ်ရဲ့ အသိဉာဏ်ပညာရဲ့ စေညွှန်ရာနောက်ကိုသာလိုက်ပြီး ကိုယ်တတ်နိုင်သမျှ အကောင်းဆုံးကိုသာ လုပ်ပါ။ အဲဒီနောက် အချိန်တစ်ခုရောက်လာရင် ရေရှည်အခြေအနေတစ်ခုရောက်လာတဲ့အခါ၊ မင်းဟာ အောင်မြင်မှုနောက်ကို လိုက်တာကနေ ရပ်တန့်ခဲ့တာကြောင့် အောင်မြင်မှုဟာ မင်းနောက်ကို လိုက်လာလိမ့်မယ်' လို့ အမြဲတမ်း သတိပေးပြောကြားခဲ့ပါတယ်။

ဟစ်တလာ့အနေနဲ့ ဩစတြီးယားကို သိမ်းပိုက်ပြီးတဲ့နောက်မှာတောင် ကျွန်တော့်အနေနဲ့ ဘာလို့ ထွက်မပြေးခဲ့တာလဲလို့ ခင်ဗျား သိချင်ရင် သိချင်လိမ့်မယ်။ ကျွန်တော်ဟာ ဇာတ်လမ်းတစ်ခုကိုပြောပြရင်းရှင်းပြပါမယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ ဒုတိယကမ္ဘာစစ်ထဲ ဝင်မပါခင်ကတည်းက ကျွန်တော်ဟာ ဗီယင်နာမြို့ပေါ်က အမေရိကန်ကောင်စစ်ဝန်ရုံးမှာ ကူးသန်းနေထိုင်ခွင့်ဗီဇာလျှောက်ထားဖို့ ဖိတ်ကြား

mgyoe.com

mgyoe.com SAMPLE BOOK

ခြင်းခံခဲ့ရပါတယ်။ ကျွန်တော်ရဲ့ အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ မိဘတွေက လည်း ကျွန်တော့်အနေနဲ့ သိပ်မကြာခင် ဒီနိုင်ငံကထွက်ခွာခွင့်ရတော့မယ်ထင်ပြီး ပျော်ရွှင် စိတ်သက်သာရာရနေခဲ့ကြပါတယ်။ ဒါပေမဲ့ ရုတ်တရက်ဆိုသလို ကျွန်တော် ဟာ နောက်ဆံတင်းနေခဲ့ပါတယ်။ သိပ်မကြာခင်မှာ သူတို့ဟာ အလုပ်ကြမ်းစခန်းထဲ ဒါမှမဟုတ် လူမျိုးသုဉ်းသတ်ဖြတ်ရေးစခန်း[2] ထဲကို ပို့ခံရနိုင်ခြေရှိတာကို သိသိလျက် ကြီးနဲ့ ငါ့မိဘတွေကို ဒီနေရာမှာထားခဲ့ပြီး ထွက်သွားနိုင်ရဲ့လား – ဆိုတဲ့မေးခွန်းကို ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်ပြန်မေးနေမိခဲ့တယ်။ ငါရဲ့ အဓိက တာဝန်ဟာ ဘာလဲ။ ငါရဲ့ အဓိပ္ပာယ်ရှာဖွေမှုကုထုံးနဲ့ ပတ်သက်တဲ့ ဉာဏလုပ်အား ကို ကာကွယ်ဖို့အတွက် လွတ်လပ်တဲ့ နိုင်ငံတစ်ခုကို ထွက်ခွာသွားပြီး စာတွေကိုပဲ ဆက်လက်ရေးသားရင်း ကြိုးစားသင့်လား။ ဒါမှမဟုတ် ငါဟာ သူတို့ရဲ့ သားတစ် ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝမ်းမြောက်ရင်း ငါတတ်နိုင်သမျှ သူတို့ကို ကာကွယ်ပြီး သူတို့နဲ့ပဲ အတူတူဆက်နေသင့်သလား။

ကျွန်တော်ဟာ ရှုထောင့်ပေါင်းစုံကနေပြီး စဉ်းစားမေးခွန်းထုတ်ခဲ့ပေမဲ့ စစ်မှန် တဲ့ အဖြေတစ်ခုကိုမှ မရရှိခဲ့ပါဘူး။ ဒါဟာ 'ကောင်းကင်ဘုံက နိမိတ်လက္ခဏာ' ဆိုတာကို တောင့်တမိရတဲ့၊ ဆုံးဖြတ်ရခက်ခဲတဲ့ အခြေအနေမျိုးပါပဲ။

အဲဒီနောက်မှာ ကျွန်တော်ဟာ စားပွဲပေါ်မှာ တင်ထားတဲ့ စကျင်ကျောက် တစ် တုံးကို သတိထားမိလိုက်တယ်။ အဲဒါနဲ့ အဖေ့ကို ဒီကျောက်တုံးနဲ့ပတ်သက်ပြီး မေး ကြည့်လိုက်တော့ အဖေက ဒီကျောက်တုံးဟာ နာဇီတွေမီးရှို့ဖျက်ဆီးခဲ့တဲ့ ဗီယင်နာ မြို့က အကြီးဆုံး ဂျူးဘုရားကျောင်းကနေ သူ ကောက်ယူခဲ့တာ ဖြစ်ကြောင်း ပြော ပြခဲ့ပါတယ်။ ဒီစကျင်ကျောက်တုံးဟာ ပညတ်တော်ဆယ်ပါးကို ထွင်းထုထားတဲ့ ကျောက်စာတိုင်ရဲ့ အစိတ်အပိုင်းတစ်ခုပါပဲ။ ဟီဘရူးစာတစ်ခုကို အဲဒီကျောက်တုံး ပေါ်မှာ မြင်နေနိုင်သေးပြီး အဲဒီစကားလုံးဟာ ပညတ်တော်တစ်ပါးကို ကိုယ်စားပြု ကြောင်း အဖေက ကျွန်တော့်ကို ပြောပြခဲ့ပါတယ်။ ဒါနဲ့ ကျွန်တော်က 'ဘယ်တစ်ခု လဲ'လို့ မေးလိုက်တဲ့အခါမှာ သူက - 'သင်၏ဘုရားသခင် ထာဝရဘုရား ပေးသနား တော်မူသောပြည်၌ သင်၏အသက်တာ ရှည်မည် အကြောင်း၊ သင်၏မိဘကို ရိုသေ

2 ( Extermination Camp)

mgyoe.com

 SAMPLE BOOK 

စွာပြုလော့'[3] လို့ ရွတ်ဖတ်ပြပါတယ်။ အဲဒီအခိုက်အတန့်မှာပဲ ကျွန်တော်ဟာ – အမေရိကန်ဗီဇာကို လက်လွှတ်လိုက်ပြီး ကျွန်တော့်မိဘနှစ်ပါးနဲ့ အတူရှိနေဖို့ – အနိုင်အမာဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။

**ဗစ်ခ်တာ အီမေးလ် ဖရန်ကယ်**

ဗီယင်နာ၊ ၁၉၉၂။

၀

3 ထွက်မြောက်ရာကျမ်း ၂၀ : ၁၂ (MYJ)

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com SAMPLE BOOK

# ဂျူးသုတ်သင်ရှင်းလင်းရေး အလုပ်ကြမ်းစခန်းအတွင်းမှ ဘဝအတွေ့အကြုံများ

ယခုစာအုပ်ဟာ စာဖတ်သူအတွက် တိကျသေချာတဲ့ သမိုင်းအထောက်အထားတွေ၊ အချက်အလက်တွေကို ပေးနိုင်မယ်လို့ အာမ မခံပါဘူး။ ဒါပေမဲ့ ယခုစာအုပ်ဟာ နာဇီတို့ရဲ့ အကျဉ်းစခန်းအတွင်းက သန်းပေါင်းများစွာသော အကျဉ်းသားတွေအနေနဲ့ ထပ်ကာထပ်ကာ ကြုံတွေ့ခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေကို ပြန်လည်ပြီး မှျဝေခြင်းပဲ ဖြစ်ပါလိမ့်မယ်။ ဒီစာအုပ်ဟာ အဲဒီ နာဇီတွေရဲ့ ငရဲခန်းအတွင်းက လွတ်မြောက်လာခဲ့သူတစ်ဦးရဲ့ ဘဝအတွေ့အကြုံတွေကို စာဖတ်သူအတွက် ပြောပြပါလိမ့်မယ်။ ဒါပေမဲ့ ဒီစာအုပ်ဟာ တခြားစာအုပ်တွေလိုမျိုး နာဇီအကျဉ်းစခန်းထဲက သွေးပျက်ချောက်ချားဖွယ် အဖြစ်ဆိုးကြီးတွေကို အဓိကထား ဖော်ပြမယ့် စာအုပ်တစ်အုပ်တော့ မဟုတ်ပါဘူး။ (အခုချိန်အထိ တချို့ပြည်သူတွေဟာ အပြည့်အဝ မယုံကြည်သေးပေမဲ့လည်း) အဲဒီအဖြစ်ဆိုးကြီးတွေနဲ့ ပတ်သက်လို့ စာအုပ်များစွာနဲ့ အကြိမ်ပေါင်းများစွာ ဖော်ပြထားပြီးခဲ့ပါပြီ။ အဲဒီအစား ဒီစာအုပ်ဟာ အကျဉ်းစခန်းတွေထဲမှာ လူတွေကြုံတွေ့ကြရတဲ့ ဖြစ်ရပ်ငယ်အများအပြားအပေါ် ဦးတည်ပြီး ဖော်ပြသွားမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဆိုရရင် ဒီစာအုပ်ဟာ - 'သာမန်အကျဉ်းသားတစ်ဦးရဲ့ ဂျူးသုတ်သင်ရှင်းလင်းရေးစခန်းထဲက နေ့စဉ်ဘဝဟာ ဘယ်လိုခံစားရလိမ့်မလဲ' - ဆိုတဲ့ မေးခွန်းကို ဖြေကြားပေးမယ့် စာအုပ်တစ်အုပ်ပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒီစာအုပ်ထဲမှာ ရေးသားထားတဲ့ အဖြစ်အပျက်အများစုဟာ တခြားသော စာအုပ်တွေထဲမှာ တွေ့ရတတ်တဲ့ ကြီးမား လူသိများတဲ့ အကျဉ်းစခန်းအတွင်းက အဖြစ်အပျက်တွေတော့ မဟုတ်ပါဘူး။ သို့ပေမဲ့လည်း ဒီစာအုပ်ထဲက အကြောင်းအရာတစ်ခုချင်းစီတိုင်းဟာ လူသိမများ၊ သေးငယ်တယ်ဆိုပေမဲ့ လက်တွေ့ဘဝထဲက လူမျိုးသုဉ်းသတ်ဖြတ်မှုဖြစ်ရပ်ကြီးထဲမှာ အမှန်တကယ်ဖြစ်ပျက်ခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေပဲ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွေဟာ ကြီးကျယ်မြင့်မြတ်တဲ့ သူရဲကောင်းတွေ၊ အာဇာနည်တွေရဲ့ ဒုက္ခတွေ၊ နှိပ်စက်ညှဉ်းဆဲခံရတာတွေ၊ သတ်ဖြတ်ခံရတာတွေတော့ မဟုတ်ပါဘူး။ ဒါ့အပြင် ကာပို[1]လို့ခေါ်တဲ့ အကျဉ်းထောင်ထဲက ကြီးကြပ်ရေးမှူးဆန်ဆန် အခွင့်ထူးခံ လူတွေရဲ့အကြောင်းလည်း မဟုတ်ပါဘူး။

အဲဒီအစား ယခုဖော်ပြမယ့် အဖြစ်အပျက်တွေဟာ နာဇီတို့ရဲ့ ငရဲခန်းအတွင်းက မရေတွက်နိုင်တဲ့၊ သမိုင်းမှာ မှတ်တမ်းတင် ဖော်ပြခြင်း မခံခဲ့ရတဲ့ အမေ့လျော့ခံ အကျဉ်းသားတွေရဲ့ နာကျင်မှုတွေ၊ စွန့်လွှတ်အနစ်နာခံမှုတွေနဲ့ ညှဉ်းဆဲသတ်ဖြတ်ခံရမှုတွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။ တန်းစီးတွေဟာ သူတို့လို အထူးတံဆိပ်ပြားတွေ၊ လက်ပတ်တွေမရှိတဲ့ သာမန်အကျဉ်းသားတွေအပေါ်မှာ အလွန်အကျွံပဲ ဖိနှိပ်ကြပါတယ်။ သာမန်အကျဉ်းသားတွေဟာ အကျဉ်းစခန်းထဲမှာ မဝရေစာကိုပဲ စားသောက်ရပြီး တစ်ခါတလေမှာ လုံးလုံးကို မစားသောက်ရပါဘူး။ ဒါပေမဲ့ တစ်ဖက်မှာရှိတဲ့ တန်းစီးတွေအတွက်တော့ အစားအသောက်ဆိုတာ လုံးဝကို ပူပန်စရာကိစ္စတစ်ခုမဟုတ်ခဲ့ပါဘူး။ အဲဒီအပြင် အများစုသော တန်းစီးတွေရဲ့ အကျဉ်းထောင်ထဲက ဘဝဟာ သူတို့ပြင်ပမှာ နေထိုင်ခဲ့တဲ့ ဘဝတစ်လျှောက်လုံးစာထက် အဆပေါင်းများစွာ ကောင်းမွန်သာယာခဲ့ကြပါတယ်။ တစ်ခါတလေမှာ တန်းစီးတွေရဲ့ အကျဉ်းသားတွေအပေါ် ဆက်ဆံမှုဟာ ထောင်စောင့်တွေထက် ပိုမိုကြမ်းတမ်းတတ်ပါတယ်။ တန်းစီးတွေဟာ ဘဝတူအကျဉ်းသားတွေအပေါ်မှာ နာဇီရဲ့ SS တပ်ဖွဲ့ဝင်တွေနှိပ်စက်တာထက် အဆပေါင်းများစွာ ပိုပြီး ရိုက်နှက်တတ်ပါတယ်။ တန်းစီးတွေအားလုံးဟာ အကျဉ်းသားတွေထဲကနေပဲ ပြန်ပြီး ခန့်အပ်ထားသူတွေဖြစ်ကာ နာဇီတွေရဲ့ ခိုင်းစေမှုတွေကို အပိုးကျိုးကျိုးလုပ်နိုင်မယ့်လူတွေကိုသာ ရွေးချယ်ထားခဲ့ပါတယ်။ တကယ်

1 (ကာပို ကို စာဖတ်သူနှင့် ရင်းနှီးမှုရှိစေရန် 'တန်းစီး' ဟူသည့် အသုံးအနှုန်းဖြင့် ဆက်လက်ဖော်ပြသွားပါမည် - ဘာသာပြန်သူ)

mgyoe.com

SAMPLE BOOK

လို့သာ အဲဒီတန်းစီးတွေက သူတို့ မျှော်လင့်ထားသလို လိုက်မလုပ်နိုင်ဘူးဆိုရင် သူတို့ဟာ လျင်လျင်မြန်မြန်ပဲ ရာထူးပြန်ချလိုက်ပါတယ်။ အဲဒီတော့ အချိန်ကြာလာတာနဲ့အမျှ တန်းစီးတွေဟာ SS အရာရှိတွေ၊ ထောင်ဝါဒါတွေနဲ့ ပိုပိုပြီး တူလာခဲ့ကာ သူတို့ဟာ နာဇီတွေနဲ့ အမူအကျင့်တွေပဲ တူလာတာတင်မက စိတ်ပိုင်းဆိုင်ရာ တွေးပုံခေါ်ပုံတွေကအစ တူလာခဲ့ပါတယ်။

အပြင်ကလူတစ်ယောက်အတွက်တော့ ငရဲခန်းထဲကဘဝကို နားလည်မှုလွဲဖို့ အင်မတန်လွယ်ကူပါတယ်။ အပြင်ကလူတွေဟာ အဲဒီညှဉ်းပန်းမှုတွေနဲ့ပတ်သက်လို့ ကြားရသိကြရတဲ့အခါ သနားမှုနဲ့ စိတ်မကောင်းဖြစ်စရာ အကြောင်းအရာတွေသက်သက်အဖြစ်နဲ့ပဲ ရှုမြင်ခံစားကြတာများပါတယ်။ သူတို့မသိတဲ့ အဓိကအချက်ကတော့ အကျဉ်းသားတွေကြားမှာရှိတဲ့ ရှင်သန်ခြင်းအတွက် ရုန်းကန်လိုမှု၊ အသက်ကိုတောင့်တမှုတွေပါပဲ။ နေ့ရက်တိုင်းဟာ အစားအသောက်နဲ့ ရှင်သန်မှုအတွက် တိုက်ပွဲပါပဲ။ အဲဒီဆန္ဒဟာ သူတို့ကိုယ်သူတို့အတွက်ဖြစ်စေ၊ သူတို့ရဲ့ မိတ်ဆွေကောင်းတွေအတွက်ဖြစ်စေ ရှင်သန်နေခဲ့ပါတယ်။

အဲဒီအကြောင်းအရာနဲ့ပတ်သက်ပြီး အကျဉ်းသားတွေကို အကျဉ်းစခန်းတစ်ခုကနေ နောက်တစ်ခုကို တရားဝင်ပြောင်းရွှေ့ဖို့ နာဇီတွေရဲ့ စီစဉ်မှုနဲ့ စတင်ပြီး ပြောကြတာပေါ့။ ဒါပေမဲ့ အဲဒီလို ပြောင်းရွှေ့မှုရဲ့ အဓိကပန်းတိုင်ဟာ နောက်ဆုံးမှာ အဆိပ်ငွေ့ခန်း[2]ထဲကိုသာ ဖြစ်မှာပဲလို့ ခန့်မှန်းဖို့ကတော့ လွယ်ပါတယ်။ သူတို့ထဲက နာမကျန်းတဲ့သူတွေ ဒါမှမဟုတ် အားနည်းသူတွေလိုမျိုး အလုပ်မလုပ်နိုင်တဲ့ လူတွေဟာ အဆိပ်ငွေ့ခန်းနဲ့ မီးသဂြိုဟ်စက်ကြီးတွေရှိတဲ့ အကျဉ်းစခန်းကြီးတွေဆီကို စေလွှတ်ခြင်း ခံရမယ်ဆိုတာ အားလုံးက ခန့်မှန်းမိပါတယ်။ ဒါပေမဲ့ အဓိကပြဿနာဟာ အကျဉ်းသားတွေ ကြားထဲက ရွေးချယ်ခံရမှုပဲဖြစ်ပါတယ်။ အဲဒီပြဿနာဟာ အကျဉ်းသားတွေ တစ်ယောက်နဲ့တစ်ယောက်ကြား ဒါမှမဟုတ် အစုအဖွဲ့ တစ်ခုနဲ့ တစ်ခုကြားမှာ အငြင်းပွားဖွယ်ဖြစ်လာခဲ့ပါတယ်။ တကယ်လို့ လူတစ်ယောက်ဟာ အဲဒီစာရင်းကနေ လွတ်မြောက်သွားမယ်ဆိုရင် နောက်ထပ်တစ်ယောက်က သူ့နေရာမှာ အစားထိုး ဝင်ရောက်လိုက်ရမှာကို အားလုံးက သိကြတယ်ဆိုပေမဲ့လည်း အရေးကြီးဆုံးအချက်ကတော့ ခင်ဗျားရဲ့ နာမည်နဲ့ ခင်ဗျား မိတ်ဆွေရဲ့ နာမည်တွေဟာ အဲဒီ

---

2 Gas Chamber

mgyo.com

နှစ်နာသူစာရင်းကနေ ပယ်ဖျက်ခြင်းခံရဖို့ပဲ။

(စာရေးသူ ဒီနေရာမှာ ဆိုလိုချင်တာက SS အရာရှိတွေရဲ့ Final ဆုံးဖြတ်ချက် မချခင်မှာ အကျဉ်းသားတွေဟာ သူတို့အုပ်စုထဲက ဘယ်သူတွေက အလုပ်လုပ်ဖို့ မသန်စွမ်းတော့ဘူး၊ ဘယ်သူတွေကတော့ အလုပ်လုပ်နိုင်သေးတယ် ဆိုတာမျိုးကို ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက်ချပြီး စာရင်းပြုစုရပါတယ်။ အကယ်၍ အကျဉ်းသားတစ်ယောက်က သူ့နာမည် (ဒါမှမဟုတ်) မိတ်ဆွေတစ်ယောက်ရဲ့နာမည်ဟာ သေစာရင်းကနေ ကင်းလွတ်ခွင့်ရသွားတယ် ဆိုပေမဲ့လည်း တစ်ချိန်တည်းမှာပဲ အဲဒီလိုကင်းလွတ်မှုရဲ့ တခြားတစ်ဖက်မှာ အလုပ်မလုပ်နိုင်သူတစ်ယောက်ဟာ သူတို့အစား သေပေးရမယ်ဆိုတဲ့ သဘောပဲဖြစ်ပါတယ် - ဘာသာပြန်သူ မှတ်ချက်)

ပြဋ္ဌာန်းထားတဲ့ အရေအတွက်ပေါ် လိုက်ပြီး အကျဉ်းသားတွေကို အသုတ်ခွဲကာ ပို့ဆောင်ကြတယ်။ ဘယ်အကျဉ်းသားတွေကိုမှ ပို့ရမယ်ဆိုတဲ့ သတ်မှတ်ချက်မရှိပါဘူး။ ဘာလို့လဲဆိုတော့ သူတို့အတွက် အကျဉ်းသားတွေဟာ လူတွေမဟုတ်ဘဲကိန်းဂဏန်းတွေသက်သက်ပဲ ဖြစ်နေလို့ပါ။ သူတို့ပထမဆုံး အကျဉ်းစခန်းကို ရောက်တဲ့အခါ (အော့ရှ်ဗစ်[3] အကျဉ်းစခန်းလိုမျိုး) အကျဉ်းသားတွေရဲ့ နိုင်ငံသားကတ်တွေ၊ စာရွက်စာတမ်းတွေအားလုံးဟာ SS အရာရှိတွေ သိမ်းယူတာကို ခံကြရပါတယ်။ အဲဒါကြောင့်ပဲ များစွာသော အကျဉ်းသားတွေဟာ နာမည်အတု၊ သက်မွေးဝမ်းကျောင်းအတုတွေကို အကြောင်းပြချက် အမျိုးမျိုးကြောင့် ဖန်တီးဖို့ အခွင့်အရေးရခဲ့ကြတယ်။ အကျဉ်းသားအများစုကလည်း အကြောင်းပြချက်အမျိုးမျိုးကြောင့် ဒီလိုအတုအယောင်နာမည်နဲ့ သက်မွေးမှုတွေကို ဖန်တီးခဲ့ကြပါတယ်။ ဒါပေမဲ့ အကျဉ်းထောင်အရာရှိတွေကတော့ သူတို့ရဲ့ နာမည်တွေနဲ့ သူတို့အရင်က ဘာအလုပ်လုပ်ခဲ့တယ်ဆိုတာကို လုံးဝဂရုမစိုက်ပါဘူး။ သူတို့ ဂရုစိုက်တာက အကျဉ်းသားတွေရဲ့ နံပါတ်တွေကိုပါပဲ။ အကျဉ်းသားတွေအတွက် နံပါတ်တွေဟာ အရေပြားပေါ်မှာ တက်တူထိုးတာဖြစ်ဖြစ်၊ ဘောင်းဘီနဲ့ အင်္ကျီပေါ်မှာ အပ်နဲ့ချုပ်ထားတာဖြစ်ဖြစ် မှတ်သားထားကြတယ်။ တကယ်လို့ ထောင်စောင့် (ဒါမှမဟုတ်) အရာရှိတစ်ယောက်ယောက်ဟာ အကျဉ်းသားတစ်ယောက်ယောက်ကို အပြစ်ပေးချင်လို့ဖြစ်စေ၊ တစ်ခုခု စေခိုင်းချင်လို့ဖြစ်စေ အဲဒီနံပါတ်ကိုသာ လှမ်းကြည့်ကြတယ်။ (ကျွန်တော်တို့ဟာ အမြဲတမ်း အဲဒီ

---
3 Auschwitz

mgyoe.com

လို အကြည့်ကို ကြောက်ရွံ့ခဲ့ရပါတယ်) ဘယ်တော့မှ နာမည်ကို မေးလည်းမမေး သလို ခေါ်လည်းမခေါ်ပါဘူး။

အကျဉ်းသားတွေကို အဝေးကို ခွဲပြီးပို့ဖို့ စီစဉ်နေတဲ့ ဖြစ်စဉ်ဆီကို ပြန်သွားကြတာပေါ့။ အဲဒီလိုအချိန်မှာ ဘယ်သူကမှ ကိုယ်ကျင့်တရားနဲ့ သိက္ခာသမာဓိအရ မှန်ကန်နေဖို့ မစဉ်းစားနိုင်တော့ပါဘူး။ လူတိုင်းရဲ့ စိတ်ထဲမှာ တူညီတဲ့ အတွေးတစ်ခုပဲရှိပါတယ်။ အဲဒါကတော့ သူပြန်လာဖို့ကို စောင့်မျှော်နေကြတဲ့ အိမ်က ချစ်ရတဲ့ မိသားစုတွေအတွက် အသက်ရှင်ကျန်နေဖို့ပါပဲ။ အဲဒီအပြင်ကိုမှ သူ့မိတ်ဆွေကို ကာကွယ်ပေးနိုင်မယ်ဆိုရင်လည်း ကာကွယ်ပေးဖို့ကို အရုံအနေနဲ့စဉ်းစားကြရပါတယ်။ အဲဒီတော့ ဘာမှတုံ့ဆိုင်းမနေတော့ဘဲ သူ့အတွက် တကယ်အရေးကြီးတာက သူမဟုတ်တဲ့ တခြား အကျဉ်းသားတစ်ယောက်ရဲ့ နံပါတ်တစ်ခုကို သူ့အစား အဝေးကို ပို့ရမယ့် စာရင်းထဲ ပါသွားဖို့ပါပဲ။

ကျွန်တော်ပြောခဲ့သလိုပါပဲ၊ တန်းစီးတွေကို ရွေးချယ်တဲ့နေရာမှာ အကျဉ်းသားတွေထဲက အကြမ်းတမ်းဆုံး၊ အခက်ထန်ဆုံး ဆိုတဲ့လူတွေကိုသာ တန်းစီးအဖြစ်နဲ့ ခန့်ထားကြပါတယ်။ အဲဒီလိုမျိုး SS အရာရှိတွေကနေပြီး ရွေးချယ်ထားတဲ့ တန်းစီးတွေအပြင် အကျဉ်းသားတွေကြားထဲကနေပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ခန့်တတ်တဲ့ တန်းစီးတွေလည်း ရှိပါသေးတယ်။ အဲဒီလို တန်းစီးဖြစ်လာတဲ့ အကျဉ်းသားတွေဟာ အများအားဖြင့်တော့ အသက်ဆက်ရှင်ဖို့အတွက် မှန်ခြင်း၊ မှားခြင်းလိုမျိုး ကိစ္စတွေကို လျစ်လျူရှုပြီး အကျဉ်းထောင်ပေါင်းများစွာမှာ ဖြတ်သန်း ရှင်သန်လာတဲ့ လူတွေများပါတယ်။ ကိစ္စတစ်ခုခုဟာ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ အဲဒီကိစ္စကို တစ်သဝေမတိမ်း လိုက်လုပ်ဖို့ တုံ့ဆိုင်းမနေတတ်ကြပါဘူး။ တကယ်လို့ အဲဒီကိစ္စဟာ သူတို့ တစ်ဦးတစ်ယောက် အသက်ရှင်ကျန်ဖို့အတွက် တခြားမိတ်ဆွေ အကျဉ်းသားတွေအပေါ်မှာ အကြမ်းဖက်တာ၊ သစ္စာဖောက်တာနဲ့ ခိုးယူတာမျိုး ဖြစ်နေရင်တောင်မှ လုံးဝ နောင်တမရဘဲ လုပ်ရဲတဲ့ သတ္တိကို ရရှိလာကြပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ထဲ ရှင်ကျန်သူတချို့ဟာ အများကထင်နေသလိုမျိုး ကံကောင်းလွန်းလို့ (ဒါမှမဟုတ်) သန်မာလွန်းလို့ မဟုတ်ဘဲ အဲဒီလို အခြေအနေမျိုးကို ဖြတ်သန်းခဲ့ရလို့ပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ထဲက အသန်မာဆုံးဆိုတဲ့ (တစ်ကိုယ်ကောင်းစိတ်မရှိတဲ့၊ ကိုယ်ကျင့်တရားမြင့်မြတ်တဲ့) လူအများစုဟာ ပြန်

mgyoe.com

မလာနိုင်တော့တာကို ကျွန်တော်တို့အားလုံးသိပါတယ်။

နာဇီတွေရဲ့ ဂျူးသုတ်သင်ရေးစခန်းနဲ့ ပတ်သက်ပြီး စစ်မှန်တိကျတဲ့ သတင်းမှတ်တမ်းတွေဟာ ထွက်ပေါ်လာခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီစာတမ်းမှာတော့ လူတစ်ယောက်ရဲ့ ကိုယ်တွေ့အဖြစ်အပျက်တွေကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဖော်ပြထင်ဟပ်နိုင်မယ့် အခြေအနေမျိုးမှာမှ 'သတင်းအချက်အလက်'တွေကို ဦးစားပေးဖော်ပြသွားပါမယ်။ အထူးသဖြင့် ဒီစာတမ်းဟာ အဲဒီစခန်းထဲမှာ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေဟာ ဘယ်လိုမျိုးဖြစ်နေမလဲ ဆိုတာကိုသာ ဦးစားပေး ဖော်ပြမှာဖြစ်ပါတယ်။ အကျဉ်းစခန်းမှာ ဖြတ်သန်းခဲ့ဖူးတဲ့ လူတွေအတွက်တော့ ဒီစာတမ်းဟာ သူတို့ ကြုံတွေ့ခံစားခဲ့ရတဲ့ အတွေ့အကြုံတွေကို ဒီနေ့ခေတ် ကျွန်တော်တို့ ရင်းနှီးနားလည်တဲ့ စကားတွေနဲ့ ရှင်းပြရေးသားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အကျဉ်းစခန်းကို တစ်ခါမှ မဖြတ်သန်းဖူးတဲ့ လူတွေအတွက်တော့ ဒီစာတမ်းဟာ အဲဒီအကျဉ်းစခန်းက လွတ်မြောက်လာတဲ့ လက်တစ်ဆုပ်စာ လူတွေဟာ အဲဒီအဖြစ်ဆိုးကြီးတွေအပြီး ဘဝကို ရှင်သန်နေထိုင်နိုင်ဖို့ ဘယ်လောက်တောင် ခက်ခဲစွာ ကြိုးစားခဲ့ရလဲဆိုတာကို နားလည်နိုင်ဖို့ အကူအညီပေးပါလိမ့်မယ်။ အဲဒီလို ရှင်ကျန်ခဲ့တဲ့ အကျဉ်းသားဟောင်းတချို့ဆီက ကြားရတဲ့ စကားအများစုဟာ 'ကျွန်တော်တို့ဖြတ်သန်းခဲ့ရတဲ့ အဖြစ်ဆိုးကြီးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ လုံးဝပြန်မပြောပြချင်တော့ပါဘူး။ ကျွန်တော်တို့လို အဲဒီအဖြစ်ဆိုးကြီးကို ဖြတ်သန်းခံစားဖူးတဲ့ လူတွေအတွက် ဘယ်လို ရှင်းပြမှုမှ မလိုအပ်ပါဘူး။ ဒါ့အပြင် အဲဒီအဖြစ်ဆိုးကြီးကို မဖြတ်သန်းဖူးတဲ့ လူတွေအတွက်လည်း ကျွန်တော်တို့ ဘယ်လိုမျိုး ကြုံတွေ့ခံစားခဲ့ရသလဲ၊ အခုရော ဘယ်လို ခံစားနေရလဲဆိုတာကို ဘယ်လိုမှ နားလည်နိုင်မယ်လို့ မထင်ပါဘူး' ဆိုတဲ့ စကားမျိုးတွေသာ ဖြစ်ပါတယ်။

အဲဒီအကြောင်းအရာတွေနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း အမည်တပ်ဖို့ဆိုတာ အင်မတန်ပဲ ခက်ခဲလှပါတယ်။ ဘာကြောင့်လဲဆိုတော့ စိတ်ပညာအရ လူတွေရဲ့ အတွေးတွေနဲ့ ခံစားချက်တွေကို နားလည်အောင် ရှင်းလင်းဖော်ပြဖို့ဆိုတာ အခြေခံအားဖြင့် တည်ငြိမ်ပြီး သိပ္ပံနည်းကျတဲ့ တွေးခေါ်မှုတွေ လိုအပ်လို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်ကိုယ်တိုင် အကျဉ်းသားဖြစ်နေတဲ့အချိန်မှာ လူတစ်ယောက်ဟာ အဲဒီလိုမျိုး မရှိမဖြစ်လိုအပ်တဲ့ တည်ငြိမ်မှုနဲ့ သိပ္ပံနည်းကျမှုကို အခြေခံပြီး မျှတစွာ

mingyoe.com

mgyoe.com SAMPLE BOOK

တွေးခေါ်စဉ်းစားနိုင်ပါ့မလား။ အဲဒီလိုမျိုး အချက်အလက်တွေဟာ အပြင်ဘက်က လူတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့ သတင်းအချက်အလက်တွေပဲ။ ဒါပေမဲ့ အဲဒီလိုမျိုးဆိုရင်တောင် အပြင်လူတစ်ယောက်အနေနဲ့ ဒီအခြေအနေတွေကို နားလည်ဖို့ အင်မတန်ခက်ခဲနေပါသေးတယ်။ (အကျဉ်းထောင်) အတွင်းထဲရောက်နေတဲ့လူကသာ အခြေအနေတွေကို ပြည့်ဝစွာ နားလည်သဘောပေါက်နိုင်ပါလိမ့်မယ်။ အဲဒီအပြင် ဒီလိုအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ဝေဖန်မှုလုပ်တော့မယ်ဆိုရင် လူတစ်ယောက်ရဲ့အမြင်ဟာ ဘယ်တော့မှ အပြည့်အဝ မှန်ကန်မှုမရှိနိုင်ပါဘူး။ အထူးသဖြင့် အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး သူရဲ့ ထင်မြင်မှုဟာ မမျှတတာမျိုး၊ တစ်ဖက်စောင်းနင်းဖြစ်နေတာမျိုးတွေ ဖြစ်နေနိုင်ပါတယ်။ ဒါဟာ ဘယ်လိုမှ ရှောင်လွှဲလို့မရတဲ့ အခြင်းအရာတစ်ခုပါပဲ။ အဲဒီအပြင် အဲဒီလူအနေနဲ့ သူရဲ့ ပုဂ္ဂလအမြင်တွေကို သူရဲ့အရေးအသားတွေပေါ်မှာ မသက်ရောက်စေဖို့ အထူးပဲ ဂရုစိုက်ရပါမယ်။ အဲဒါဟာ အခုလို အကြောင်းအရာတွေနဲ့ပတ်သက်ပြီး စာအုပ်တစ်အုပ်ရေးတဲ့အခါမှာ ရှောင်လွှဲဖို့ အင်မတန်ခက်ခဲတဲ့ အပိုင်းဆိုတာ သိပေမဲ့လည်း စာရေးသူတို့အနေနဲ့ အထူးပဲ ဂရုပြုနိုင်ဖို့ လိုပါလိမ့်မယ်။ အဲဒီအပြင် တချို့အခိုက်အတန့်တွေမှာတော့ စာရေးသူဟာ သူရဲ့ လူသိမခံနိုင်တဲ့ ပုဂ္ဂိုလ်ရေးကိစ္စတွေအထိ ထုတ်ဖော်ပြောဆိုရဲဖို့လည်း အလွန်လိုအပ်နေပါသေးတယ်။

ဒီစာအုပ်ကို စပြီးရေးတဲ့အခါ ကျွန်တော့်အနေနဲ့ ကျွန်တော်ရဲ့ နာမည်အမှန်ကို အသုံးမပြုဘဲ အမည်မဲ့သဘောမျိုး ထုတ်ဝေဖို့ စဉ်းစားခဲ့ပါသေးတယ်။ အဲဒီအစား ကျွန်တော် အကျဉ်းစခန်းထဲမှာ ဖြတ်သန်းခဲ့တုန်းက ရရှိခဲ့တဲ့ အကျဉ်းသားနံပါတ်ကိုသာ ကလောင်အနေနဲ့ အသုံးပြုထုတ်ဝေမယ်ပေါ့လေ။ ဒါပေမဲ့လည်း ကျွန်တော်ရဲ့ လက်ရေးစာမူကို အပြီးသတ်ပြီးတဲ့ အခိုက်အတန့်မှာပဲ အဲဒီလိုမျိုး ထုတ်ဝေလိုက်မယ်ဆိုရင် ကျွန်တော့်စာအုပ်ရဲ့ အသံဟာ တစ်ဝက်လောက်တိုးတိတ်သွားမယ်ဆိုတာကို နားလည်လိုက်ပါတယ်။ အဲဒီတော့ တစ်ဆက်တည်းမှာပဲ ကျွန်တော့်အနေနဲ့ ကျွန်တော်ရဲ့ အယူအဆနဲ့ သဘောထားကို ရိုးသားစွာ မျှဝေရဲဖို့ သတ္တိတွေ လိုအပ်နေတယ်ဆိုတာကိုလည်း နားလည်သဘောပေါက်ခဲ့ပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော်ဟာ ပုဂ္ဂိုလ်ရေးအရ လူတွေရှေ့မှောက်မှာ ကိုယ့်ကိုယ်ကိုယ်ဖော်ပြရတာကို မနှစ်သက်သူတစ်ယောက် ဖြစ်ပေမဲ့လည်း ကျွန်တော်ရေးသားထားတဲ့ စာအုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ထဲက ဘယ်အပိုင်းကိုမှ မဖြုတ်မနုတ်ဖို့ကို ဆုံးဖြတ်လိုက်ပါတော့တယ်။

ကျွန်တော့်အနေနဲ့ ဒီစာအုပ်ထဲက အကြောင်းအရာတွေကို တခြားလူတွေ အနေနဲ့ ပုံသေနည်းကျ သီအိုရီနည်းနာထုတ်နိုင်ဖို့ ခွင့်ပြုရေးသားပါမယ်။ အဲဒီသီအိုရီတွေဟာ ပထမကမ္ဘာစစ်အပြီးတုန်းကတည်းက ပေါ်ပေါက်လာခဲ့တဲ့ အကျဉ်းထောင် စိတ်ပညာ[4] နဲ့ပတ်သက်ပြီး စစ်အပြီးကာလတွေမှာတွေ့ရတတ်တဲ့ 'သံဆူးကြိုး ဝေဒနာ'[5] အပေါ်မှာ ပိုပြီးနားလည်လာအောင် ကူညီပေးနိုင်ပါလိမ့်မယ်။ အဲဒီအပြင် ထပ်ဆောင်းအနေနဲ့ ဒုတိယကမ္ဘာစစ်ကြီးဟာ ကျွန်တော်တို့ကို 'အစုအဖွဲ့လိုက်စိတ်ဖောက်ပြန်မှုအခြေအနေ'[6]လို့ခေါ်တဲ့ စိတ်ပညာသီအိုရီတစ်ခုကိုလည်း အသိတိုးစေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီသီအိုရီကြောင့် ကျွန်တော်တို့ဟာ စစ်ပွဲရဲ့ အနိဋ္ဌာရုံနဲ့ ဂျူးသုတ်သင်ရေးစခန်းတွေရဲ့ အတွေ့အကြုံတွေကို ပိုမိုနားလည်နိုင်ခဲ့ပါတယ်။

ယခုစာအုပ်ဟာ ကျွန်တော်ရဲ့ အကျဉ်းစခန်းအတွင်းထဲက သာမန်အကျဉ်းသားတစ်ယောက်အနေနဲ့ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံကို ပြန်လည်မှျဝေထားတဲ့ ဇာတ်လမ်းတစ်ခုပဲဖြစ်ပါတယ်။ မလွတ်မြောက်ခင် နောက်ဆုံးရက်သတ္တပတ်အနည်းငယ်အတွင်းမှာကလွဲလို့ ကျွန်တော်ဟာ ကျွန်တော်ရဲ့ အကျဉ်းသားဘဝတစ်လျှောက်လုံးမှာ အကျဉ်းထောင် စိတ်ကျန်းမာရေးဆရာဝန်တစ်ယောက်အနေနဲ့ မဟုတ်ဘဲ သာမန်အကျဉ်းသားတစ်ယောက်အဖြစ်နဲ့ဖြတ်သန်းခဲ့ရလို့ ဂုဏ်ယူမိကြောင်းကို ပြောချင်ပါတယ်။ ကျွန်တော်ရဲ့ လုပ်ဖော်ကိုင်ဖက်တချို့ကတော့ ကံကောင်းစွာနဲ့ပဲ အကျဉ်းထောင်ထဲမှာ စက္ကူစုတ်အနည်းငယ်ကို ပတ်တီးအဖြစ်နဲ့ အသုံးပြုရတဲ့ အရေးပေါ်ဌာနတွေမှာ အလုပ်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ အကျဉ်းသားအမှတ်စဉ် ၁၁၉ နဲ့ ၁၀၄ တို့သာ ဖြစ်ခဲ့ရတဲ့ ကျွန်တော်ဟာ ကျွန်တော်ရဲ့ အကျဉ်းသားဘဝအတွင်း အချိန်အများစုမှာ မီးရထားသံလမ်းဖောက်တဲ့ ချွေးတပ်စခန်းမှာသာ ဖြတ်သန်းလုပ်ကိုင်ခဲ့ရပါတယ်။ အခိုက်အတန့်တစ်ခုမှာဆိုရင် ကျွန်တော်ဟာ လမ်းမကြီးအောက်တည့်တည့်က ရေနုတ်မြောင်းတစ်ခုအတွက် တွင်းတစ်တွင်းလုံးကို တစ်ယောက်တည်း တူးဖော်

4 Prison Psychology
5 (Barbed wire sickness/disease)
6 (Psychopathology of the masses)

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ရပါတယ်။ အဲဒီလို သေလုမြောပါး ပင်ပန်းလှတဲ့အလုပ်အတွက် ကျွန်တော်ဟာ ဆုရလဒ်ခံစားခဲ့ရပါတယ်။ အဲဒါကတော့ ၁၉၄၄ ခုနှစ် ခရစ္စမတ်မတိုင်ခင်မှာပဲ ကျွန်တော်ဟာ 'အထူးကူပွန်' လို့ခေါ်တဲ့ နာမည်ခံကူပွန်တစ်ခုကို ဆုအဖြစ်ရရှိခဲ့ပါတယ်။ အဲဒီကူပွန်တွေဟာ ကျွန်တော်တို့ကို လုပ်အားကျွန်အဖြစ် ဝယ်ယူသုံးစွဲတဲ့ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက ထုတ်လုပ်ထားတဲ့ ကူပွန်တွေပါ။ အဲဒီဆောက်လုပ်ရေးကုမ္ပဏီဟာ ကျွန်တော်တို့တစ်ဦးချင်းစီရဲ့ နေ့စားလုပ်အားခအတွက် ကျွန်တော်တို့ကို ထိန်းသိမ်းထားတဲ့ အကျဉ်းစခန်းကို နေ့စဉ် တန်ရာတန်ကြေး ပေးချေပါတယ်။ သူတို့ပေးတဲ့ ကူပွန်တွေဟာ အဲဒီအချိန်တုန်းက တစ်ခုကို ဖန်းနစ်ရှ်[7] ၅၀ တန်ပါတယ်။ ဒါပေမဲ့ ငွေကြေးဆိုတာကို စိတ်ကူးအိပ်မက်ခွင့်တောင် မရှိတဲ့ ကျွန်တော်တို့အတွက်တော့ ဖန်းနစ်ရှ် ၅၀ တန်တဲ့ ကူပွန်တစ်ခုဟာ စီးကရက် ၆ လိပ်ကို လဲလှယ်နိုင်ပါတယ်။ ဒါပေမဲ့လည်း အဲဒီလို လဲလှယ်မှုဟာ အမြဲတမ်း လွယ်ကူနေတာမျိုးတော့ မဟုတ်ပါဘူး။ တစ်ခါတလေမှာ ကူပွန်တစ်စောင်လဲဖို့ ရက်သတ္တပတ်ပေါင်းများစွာ စောင့်ရပါတယ်။ တစ်ခါတလေမှာတော့ ကူပွန်တွေဟာ လုံးဝကို တန်ဖိုးကင်းမဲ့သွားတာမျိုးလည်း ရှိပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်ဟာ စီးကရက် ၁၂ လိပ်တန်တဲ့ ကူပွန်တစ်ခုကို ရရှိခဲ့တဲ့အတွက် အတော်ပဲ ကျေနပ်ဝမ်းသာခဲ့မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ပိုပြီး တန်ဖိုးရှိတာနဲ့ နှိုင်းယှဉ်ပြရမယ်ဆိုရင် အဲဒီစီးကရက် ၁၂ လိပ်ဟာ စွပ်ပြုတ် ၁၂ ခွက်နဲ့ လဲလှယ်နိုင်ပါတယ်။ အဲဒီအချိန်တုန်းက စွပ်ပြုတ် ၁၂ ခွက်ဟာ ဆာလောင်ငတ်မွတ်မှုကို အချိန်အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ပါတယ်။

အကျဉ်းသားတွေအားလုံးထဲမှာတော့ တန်းစီးတွေသာ စီးကရက်သောက်သုံးခြင်းဆိုတဲ့ အခွင့်ထူးခံမှုကို အမှန်တကယ်ရရှိကြပါတယ်။ ဘာကြောင့်လဲဆိုရင် သူတို့တွေကသာ အထက်မှာ ကျွန်တော်ဖော်ပြခဲ့တဲ့ ကူပွန်တွေကို အပတ်တိုင်းအတွက် ဝေပုံကျ ရရှိလို့ပဲဖြစ်ပါတယ်။ တစ်ခါတလေမှာတော့ သူတို့အပြင် ကုန်လှောင်ရုံတို့၊ စက်ပြင်စခန်းတို့၊ အလုပ်စခန်းတို့လိုနေရာတွေမှာ အလုပ်လုပ်တဲ့ အကျဉ်းသားတွေကသာ သူတို့ရဲ့ အန္တရာယ်များတဲ့ အလုပ်အတွက် ကူပွန်တချို့ကို ရရှိကြပါတယ်။ အဲဒီခြွင်းချက်တွေအပြင် စီးကရက်ကို မနမြောနေတော့ဘဲ တပ်တပ်မက်မက်သောက်

7 Pfennig - ဖန်းနစ်ရှ် - EURO မပေါ်ခင်က အသုံးပြုခဲ့သော ဂျာမန်ငွေကြေးတစ်မျိုး ။

mgyoe.com

mgyoe.com SAMPLE BOOK

သုံးတဲ့ တခြားသော အကျဉ်းသားတွေဆိုလို့ သူတို့ရဲ့ လက်ရှိဘဝကို အရှုံးပေးပြီးလက်လျှော့လိုက်တဲ့ အကျဉ်းသားတွေသာ ရှိတော့ပါတယ်။ အဲဒီလိုအကျဉ်းသားတွေကသာ သူတို့ရဲ့ နောက်ဆုံး လက်ကျန်အချိန်လေးကို သူတို့ တတ်နိုင်သလောက် စိတ်တိုင်းကျ ခံစားနေထိုင်သွားဖို့အတွက်သာ စီးကရက်ကို သောက်သုံးကြပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ အကျဉ်းသားတစ်စုံတစ်ယောက်ဟာ သူတို့ရဲ့ ကိုယ်ပိုင်ကူပွန်နဲ့ စီးကရက်သောက်နေတာကို တွေ့ရပြီဆိုရင် အဲဒီလူဟာ သူရဲ့ဘဝကို ဆက်လက်နေထိုင်လိုစိတ် ကုန်ခန်းသွားပြီဆိုတာကို သဘောပေါက်နိုင်ပါတယ်။ အဲဒီလို ရှင်သန်နေထိုင်လိုစိတ် ကုန်ခန်းသွားပြီဆိုရင် အဲဒီစိတ်ဓာတ်ဟာ ဘယ်တော့မှ ပြန်လည် မပေါက်ဖွားနိုင်တော့တာကို ကျွန်တော်တို့ နားလည်လိုက်ရပါတယ်။

အဲဒီနောက် ကျွန်တော်တို့ဟာ အကျဉ်းသားဟောင်းတွေရဲ့ အတွေ့အကြုံတွေကို ပြန်ပြီး စုစည်းလေ့လာကြတဲ့အခါ အကျဉ်းသားတွေရဲ့ အကျဉ်းစခန်းနဲ့ ပတ်သက်ပြီး ရှုမြင်ခံစားပုံဟာ အဆင့် ၃ ဆင့် အနေနဲ့ ပိုင်းခြားလေ့လာနိုင်တာကို တွေ့ရှိရပါတယ်။ အဲဒါတွေကတော့ -

(၁) နစ်နာသူဟာ မိမိကိုယ်မိမိ အကျဉ်းသားအဖြစ်နဲ့ လက်ခံလိုက်ရတဲ့ အချိန်၊

(၂) နစ်နာသူအနေနဲ့ မိမိ ဖမ်းဆီးချုပ်နှောင်ခံထားရတဲ့ အကျဉ်းထောင်ရဲ့ လည်ပတ်ပုံစနစ်နဲ့ နေသားတကျဖြစ်အောင် ပြောင်းလဲနေထိုင်ရတဲ့ အချိန်နဲ့

(၃) နောက်ဆုံး အဲဒီအကျဉ်းစခန်းကနေ အလုံးစုံလွတ်မြောက်သွားတဲ့ အချိန်တို့ပဲ ဖြစ်ပါတယ်။

ပထမအဆင့်အတွက် ထင်ရှားတဲ့ နိမိတ်လက္ခဏာကတော့ အကျဉ်းသားတွေဆီမှာ ထင်ထင်ရှားရှားတွေ့ရတဲ့ အံ့သြထိတ်လန့်ခြင်းပါပဲ။ တချို့ အခိုက်အတန့်တွေမှာတော့ အဲဒီထိတ်လန့်မှုဟာ အကျဉ်းသားတွေအနေနဲ့ အကျဉ်းစခန်းထဲ မဝင်ရောက်ခင်ကတည်းက စတင်ခံစားရတာကို တွေ့ရပါတယ်။ ကျွန်တော်ရဲ့ ကိုယ်တွေ့အဖြစ်အပျက်ကို ဥပမာထားပြီး ပြောပြပါမယ်။

တွဲတစ်ခုချင်းစီမှာ လူပေါင်း အယောက် ၈၀ လောက်ပါဝင်တဲ့နှုန်းနဲ့ ရထားတစ်စင်းထဲမှာ အကျဉ်းသားပေါင်း ၁၅၀၀ လောက်ကို ပြည့်ညပ်နေအောင်ထည့်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့နောက်မှာတော့ ကျွန်တော်တို့ဟာ နေ့ပေါင်း ညပေါင်းများစွာ ကြာအောင် ခရီးနှင် ခံခဲ့ရပါတယ်။ ကျွန်တော်တို့ဟာ ကိုယ်ယူဆောင်လာတဲ့ ခရီးဆောင်အိတ်အပေါ်မှာ သာ လှဲအိပ်နေရပြီး အဲဒီနေရာကျဉ်းကျဉ်းလေးကသာ ကျွန်တော်တို့နဲ့ သက်ဆိုင်တဲ့ တစ်ခုတည်းသောနေရာလေးဖြစ်ခဲ့ပါတယ်။ ရထားတွဲတိုင်းဟာ ပြည့်ကျပ်လွန်းပြီး နေရာလွတ်ဆိုလို့ တွဲပြတင်းပေါက် အထက်ပိုင်းနေရာလေးလောက်သာ ရှိပါတယ်။ ပြီးတော့ အဲဒီနေရာအလွတ်လေးကသာ ကျွန်တော်တို့အတွက် မီးခိုးမှိုင်းရောင်ထနေတဲ့ အရုဏ်ဦးရဲ့ အလင်းရောင်ကို ခံစားနိုင်တဲ့ တစ်ခုတည်းသော အရာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ အတွေးထဲမှာတော့ ဒီရထားဟာ ကျွန်တော်တို့ကို အတင်းအကျပ်အလုပ်ခိုင်းစေမယ့် စစ်လက်နက်ထုတ် စက်ရုံတစ်ခုခုကို ဦးတည်သွားနေဖို့ အတွက်ကိုပဲ ဆုတောင်းမျှော်လင့်နေခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဘယ်နေရာကိုသွားနေတာလဲ၊ လက်ရှိတည်နေရာကရော ဆလီရှာ(Silesia) မှာပဲရှိသေးတာလား၊ ဒါမှမဟုတ် ပိုလန်နိုင်ငံထဲမှာပဲလား၊ တခြားနေရာကိုသွားနေတာလား ဆိုတာကိုတော့ ရထားပေါ်က ဘယ်သူကမှ မသိနိုင်ခဲ့ကြပါဘူး။ စက်ခန်းထဲက ဥဩသံဟာ ကျွန်တော်တို့အတွက်တော့ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလောက်အောင်ကို ထူးဆန်းလွန်းလှပါတယ်။ သူ့ရဲ့အသံဟာ ပျက်စီးခြင်းကို ဦးတည်နေတဲ့ မမြင်ရသေးတဲ့ ကံကြမ္မာအတွက် နာနာကျင်ကျင် မြည်တမ်း ငိုကြွေးနေသလိုပါပဲ။ အဲဒီနောက်မှာတော့ ရထားဟာ ရုတ်တရက် ဘရိတ်အုပ်လိုက်ပြီး အဲဒီအခိုက်အတန့်မှာပဲ ကျွန်တော်တို့ဟာ အဓိက ဘူတာရုံကို ရောက်လာခဲ့ပြီဆိုတာကို နားလည်လိုက်ပါတယ်။ ရုတ်တရက်ဆိုသလိုပဲ ထိတ်လန့်တုန်လှုပ်နေကြတဲ့ ခရီးသည်တွေထဲက တစ်ယောက်ဆီကနေ စကားသံတစ်ခုထွက်လာခဲ့ပါတယ်။ - အော့ရှ်ဗစ်ဇ် ဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရတယ်တဲ့။ အဲဒီအခိုက်အတန့်မှာပဲ ခရီးသည်အားလုံးရဲ့ နှလုံးခုန်သံတွေဟာ ရုတ်တရက်ဆိုသလို ရပ်တန့်သွားပါတယ်။ အော့ရှ်ဗစ်ဇ် - အဲဒီ အမည်နာမတစ်ခုတည်းနဲ့တင် ကျွန်တော်တို့ဟာ - အဆိပ်ငွေ့ခန်းတွေ၊ မီးသင်္ဂြိုဟ်စက်နဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွေကို မျက်လုံးထဲ မြင်ယောင်လာကြပါတယ်။ ရထားဟာ နှေးကွေးစွာ ရပ်တန့်နေပြီး သူကိုယ်တိုင်တောင် အော့ရှ်ဗစ်ဇ် ဆိုတဲ့ ထိတ်လန့်တုန်လှုပ်ဖွယ် နေရာကြီးနဲ့ ကျွန်တော်တို့အားလုံးကို မျက်နှာချင်း မဆိုင်စေချင်တဲ့ ပုံပါပဲ။

mgyoe.com

အဲဒီနောက် မိုးသောက်လာတဲ့အခါ အကျဉ်းစခန်းပတ်ဝန်းကျင်ဟာ အလင်းရောင်အောက်မှာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာခဲ့ပါတယ်။ မြင်ကွင်းတစ်လျှောက် အဆုံးမရှိတဲ့ သံဆူးကြိုးတွေနဲ့ ဝန်းရံထားတဲ့ တံတိုင်းတွေ၊ ကင်းမျှော်စင်တွေ၊ မီးကင်းတွေနဲ့ ပြည့်နှက်နေပါတယ်။ အဲဒီနောက်မှာ လူပုံသဏ္ဌာန် အတန်းရှည်ကြီးတွေ၊ မီးခိုးမှိုင်းရောင် ကောင်းကင်ကြီးအောက် လမ်းမကျယ်ကြီးတစ်လျှောက်မှာ အတန်းလိုက်စီတန်း လျှောက်လှမ်းနေကြတာကိုတွေ့ရတယ်။ ဒါပေမဲ့ သူတို့ ဘာလို့အဲဒီလိုမျိုး တန်းစီနေတာလဲ၊ သူတို့ဘာလုပ်နေတာလဲဆိုတာကို ကျွန်တော်တို့ မသိခဲ့ပါဘူး။ ကျွန်တော်တို့ နားထဲမှာ ထောင်စောင့်တွေရဲ့ မြည်တွန်အော်ဟစ်သံတွေ၊ အမိန့်ပေးသံတွေ၊ ခရာသံတွေကို ကြားနေရပေမဲ့လည်း သူတို့ ဘာတွေပြောဆိုနေကြတယ်၊ အမိန့်ပေးနေကြတယ် ဆိုတာကိုတော့ ကျွန်တော်တို့ လုံးဝနားမလည်ခဲ့ပါဘူး။ ကျွန်တော်ရဲ့ စိတ်ကူးထဲမှာတော့ ကျွန်တော်ဟာ ကြိုးစင်ပေါ်မှာ ကြိုးဆွဲချခံထားရတဲ့ လူတွေရဲ့ ပုံရိပ်ကိုသာ မြင်ယောင်မိခဲ့ပါတယ်။ ကျွန်တော်ဟာ အလွန်ပဲ ထိတ်လန့်တုန်လှုပ်ခဲ့တယ်ဆိုတာ အမှန်ပါ။ ဒါပေမဲ့လည်း အဲဒီအခိုက်အတန့်မှာပဲ ဒါဟာ တစ်နည်းနည်းနဲ့တော့ ကျွန်တော်တို့အားလုံး ကြုံတွေ့ ဖြတ်ကျော်ရမယ့် ကြောက်ရွံ့ထိတ်လန့်စရာ ကိစ္စတစ်ခုဆိုတာကို နားလည်မိခဲ့တယ်။

အဲဒီနောက် နောက်ဆုံး ကျွန်တော်တို့ ဘူတာရုံထဲကို ရောက်လာခဲ့ကြပါတယ်။ အစပိုင်းမှာတော့ အားလုံးဟာ တိတ်ဆိတ်ငြိမ်သက်နေခဲ့တယ်။ ဒါပေမဲ့ တစ်ခဏလေးအတွင်းမှာပဲ ကျွန်တော်တို့ဟာ ကျယ်လောင်ဆူညံတဲ့ အော်သံတွေနဲ့ အမိန့်ပေးသံတွေကို ကြားလာရပါတယ်။ အဲဒီနောက်ပိုင်း ကျွန်တော်တို့ဟာ အကျဉ်းစခန်း တစ်ခုချင်းစီတိုင်းက ကျယ်လောင်ထိတ်လန့်ဖွယ်ကောင်းတဲ့ အော်သံတွေနဲ့ အမိန့်ပေးသံတွေကို တစ်ခုပြီးတစ်ခု ဆက်တိုက်ဆိုသလို ကြားလာရပါတယ်။ အဲဒီအော်သံတွေဟာ လူတစ်ယောက်ယောက်ကို နောက်ဆုံး သတ်ဖြတ်တော့မယ့်အချိန်မှာ ကြားယောင်ရတဲ့ အမိန့်ပေးသံတွေလိုမျိုး ခံစားရပါတယ်။ အော်သံတစ်ခုချင်းစီဟာ စိုးရိမ်ထိတ်လန့်ဖွယ်ကောင်းလွန်းလှပါတယ်။ လူတစ်ယောက်ဟာ အကြိမ်ပေါင်းများစွာ ထပ်ကာထပ်ကာ အသတ်ခံနေရသလိုမျိုး ဆူညံပြီး အသံတွေ တိမ်ဝင်သွားတဲ့အထိ၊ ပြာသွားတဲ့အထိ အော်ဟစ်နေတဲ့ အသံတွေဟာ ကျွန်တော်တို့ရဲ့ နားထဲကို တိုးဝင်လာခဲ့ပါတယ်။ အဲဒီနောက် ရထားတွဲတံခါးဟာ ပွင့်သွားပြီး အကျဉ်းသားတစ်စုဟာ

mgyoe.com

mgyoe.com SAMPLE BOOK

အထဲကို ရုတ်တရက် တိုးဝင်လာခဲ့ပါတယ်။ သူတို့အားလုံးဟာ အစင်းကျားပုံ ထောင်ဝတ်စုံတွေကို ဝတ်ထားပြီး အားလုံးဟာလည်း ကတုံးဆံတောက်သဏ္ဍာန် ဆံပင်တွေကို ညှပ်ထားကြပါတယ်။ ဒါပေမဲ့ သူတို့ကိုကြည့်ရတာ အစားအသောက် ဝဝလင်လင် စားသောက်ထားရတဲ့ပုံနဲ့ သန်မာပုံရပါတယ်။ သူတို့ဟာ မတူညီတဲ့ ဥရောပဘာသာစကား များစွာကို ပြောဆိုကြပြီး တစ်ခါတစ်ရံမှာ ဟာသတွေကိုတောင် ပြောဆိုပြီး အချင်းချင်း နောက်ပြောင်နေကြပါတယ်။ ဒါဟာ အခုလိုမျိုး အဘက်ဘက်က ကြောက်ရွံ့ထိတ်လန့်ဖို့ ကောင်းတဲ့နေရာမှာ ရောက်နေတဲ့ ကျွန်တော်တို့အတွက်တော့ အတော်လေး ထူးဆန်းဖွယ်ကောင်းနေခဲ့ပါတယ်။ ဒီလိုမျိုး အပြုအမူတွေကြောင့်ပဲ ရေနစ်တဲ့အချိန်မှာ ဆွဲမိဆွဲရာ ဆွဲမိခဲ့တဲ့ ကောက်ရိုးတစ်မျှင်လိုပဲ၊ ကျွန်တော်ရဲ့ (အဆိုးရွားဆုံး အခြေအနေမျိုးမှာတောင် မျှော်လင့်ချက်ထားတတ်တဲ့) အကောင်းမြင်တတ်တဲ့စိတ်ဟာ အတွေးတစ်ခုကို ဖန်တီးပေးခဲ့ပါတယ်။

အဲဒါကတော့ - ဒီအကျဉ်းသားတွေဟာ ကျန်းမာရွှင်လန်းပြီး သူတို့ပုံစံကလည်း စိတ်ချမ်းသာနေပုံရတယ်။ သူတို့ရယ်တောင်ရယ်နေသေးတယ်။ ငါလည်း သူတို့လိုမျိုး အခြေအနေမျိုးမှာ နေထိုင်ရှင်သန်ရလောက်အောင် ကံကောင်းနိုင်သေးတယ် - ဆိုတဲ့ အတွေးမျိုးတွေပဲ ဖြစ်ပါတယ်။

စိတ်ပညာမှာ 'သေဒဏ်ကင်းလွတ်ခြင်း ထင်ယောင်ထင်မှား'[8]လို့ခေါ်တဲ့အခြေအနေတစ်ခုရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ သေဒဏ်စီရင်ခံရတော့မယ့်လူသားတစ်ယောက်ဟာ သူရဲ့ နောက်ဆုံးအခြေအနေအရောက်မှာပဲ ရုတ်တရက်ဆိုသလို သေဒဏ်ကနေ ကင်းလွတ်သွားမယ်၊ လွတ်မြောက်သွားလိမ့်မယ်လို့ ယုံကြည်ခံစားရတဲ့ အခြေအနေမျိုးပေါ့။ ကျွန်တော်တို့လည်း အတူတူပါပဲ။ ဘဝရဲ့ နောက်ဆုံးအချိန်ကို ကြုံတွေ့ရခဲ့မယ်ဆိုရင်တောင်မှ အခြေအနေတွေဟာ ထင်သလောက်မဆိုးရွားလောက်ပါဘူးလို့ ကြံဖန်ပြီး မျှော်လင့်နေတတ်ကြပါတယ်။ အဲဒီလိုပဲ အခုလည်း ကျန်းမာနေပုံရတဲ့ မျက်နှာတွေနဲ့ရွှင်ပျနေတဲ့ အဲဒီအကျဉ်းသားတွေရဲ့ ဟန်ပန်တွေဟာ ကျွန်တော်တို့အတွက်များစွာ စိတ်အားတက်ကြွစေခဲ့ပါတယ်။ အဲဒီအချိန်တုန်းကတော့ ကျွန်တော်တို့အနေနဲ့ ဒီအကျဉ်းသားတွေဟာ အကျဉ်းထောင်ကနေပြီး အထူးရွေးချယ်ထားတဲ့ လက်ရွေးစင် အခွင့်ထူးခံလူတွေမှန်း မသိခဲ့ကြပါဘူး။ နှစ်

8 (Delusion of Reprieve)

mgyoe.com

mgyoe.com SAMPLE BOOK

ပေါင်းများစွာကြာအောင် သူတို့ဟာ ဘူတာရုံကို အသစ်ရောက်ရှိလာတဲ့ လူတွေကို ကြိုဆိုစီစဥ်ပေးရတဲ့ လူတွေဖြစ်ခဲ့ကြတယ်ဆိုတာကို နောက်မှ သိခဲ့ရပါတယ်။ သူတို့ ဟာ အသစ်ရောက်လာတဲ့ အကျဉ်းသားတွေနဲ့ သူတို့ရဲ့ သက်ဆိုင်ရာ အဖိုးတန်ပစ္စည်း တွေ၊ ဝှက်ယူလာတဲ့ လက်ဝတ်လက်စားတွေ၊ ရတနာတွေကို ရှာဖွေသိမ်းယူရပါ တယ်။ အော့ရှ်ဗစ်ဇ်ဟာ စစ်ပွဲရဲ့ နောက်ဆုံးနှစ်တွေအတွင်းထဲမှာပဲ အထူးဆန်းဆုံး နေရာတစ်နေရာ ဖြစ်ခဲ့ပါတယ်။ အဲဒီစခန်းနေရာတွေမှာပဲ ရှားပါးလှတဲ့ ရွှေ၊ ငွေ၊ ပလက်တီနမ်နဲ့ စိန်တွေအပါအဝင် တခြားသော တန်ဖိုးကြီး ရတနာမျိုးစုံကို ကုန် လှောင်ရုံအကြီးကြီးတွေနဲ့ ထားထားရုံမကဘဲ SS အရာရှိတွေရဲ့ အစောင့်စခန်းတွေ ထဲမှာလည်း အများအပြားသိုလှောင်ထားခဲ့ကြပါတယ်။

အကျဉ်းသား ၁၅၀၀ လောက်ဟာ လူ ၂၀၀ လောက်သာအများဆုံး ဆံ့နိုင် လောက်တဲ့ အဆောက်အအုံတစ်ခုအောက်မှာ မရမက စုရုံးနေခဲ့ရပါတယ်။ ကျွန်တော် တို့အားလုံးဟာ အင်မတန်ဆာလောင်နေပြီး ချမ်းအေးလွန်းနေကြပါတယ်။ အောက် က မြေပြင်ဟာ လူတစ်ယောက်အနေနဲ့ လှဲအိပ်ဖို့မပြောနဲ့၊ ဆောင့်ကြောင့်ထိုင်ဖို့ တောင် လုံလောက်အောင် နေရာမကျယ်ဝန်းပါဘူး။ အဲဒီနောက် လေးရက်အတွင်း ကျွန်တော်တို့ စားဖို့အတွက် ရရှိခဲ့သမျှဟာ ၅-အောင်စ လောက်သာရှိတဲ့ ပေါင်မုန့် လေးတစ်လုံးပါပဲ။ အဲဒါတောင်မှ ကျွန်တော်ဟာ အပြင်ဘက်ထောင်ထဲက အကျဉ်း သားဟောင်း (တန်းစီးတစ်ဦး) ကနေပြီး ကျွန်တော်တို့နေနေတဲ့ အဆောက်အအုံထဲက ကျွန်တော်တို့ဆီက လက်ဝတ်လက်စားတွေကို ရှာဖွေသိမ်းဆည်းသွားတဲ့ အကျဉ်း သားတစ်ဦးနဲ့ အပြန်အလှန် ဈေးညှိနေတာကို ကြားလိုက်ရပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ထဲက အကျဉ်းသားတစ်ဦးဆီက သိမ်းဆည်းရမိတဲ့ ပလက်တီနမ်၊ စိန် တို့နဲ့ လုပ်ထားတဲ့ လည်စည်းကလစ်တစ်ခုနဲ့ ပတ်သက်ပြီး အလဲအလှယ်လုပ်ဖို့ ဈေး ညှိနေကြတာပါ။ အဲဒီလိုဈေးညှိလို့ ရလာကြမယ့် ပိုက်ဆံကိုတော့ သူတို့ဟာ များ သောအားဖြင့် ရှနပ်စ် (schnapps) လို့ခေါ်တဲ့ အရက်တစ်မျိုးကို ဝယ်ဖို့ သုံးစွဲလိုက် တယ်ဆိုတာကို သိရပါတယ်။ အဲဒီလို ရှနပ်စ်တစ်ပုလင်းကို သုံးပြီး 'ပျော်စရာညနေ ခင်း' မှာ သောက်ရဖို့ သူတို့ ပိုက်ဆံဘယ်လောက်တောင် ပေးရလဲဆိုတာကိုတော့ ကျွန်တော် သေချာမမှတ်မိတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော်သိတာကတော့ အဲဒီလို နှစ်ချို့ အကျဉ်းသားတွေဟာ အရက်သောက်ဖို့ လိုအပ်ကြတယ်ဆိုတာပါပဲ။ အဲဒီလို

mgyoe.com

စိုးရိမ်အားငယ်စရာ အခြေအနေမှာ လူတွေဟာ သူတို့ကိုယ်သူတို့ ထုံပေနေအောင် လုပ်ကြတာအတွက် ဘယ်သူကများ အပြစ်ပြောနိုင်ပါ့မလဲ။ အဲဒီအပြင်ဘက်မှာတော့ SS အရာရှိတွေ ကိုယ်၌က အကန့်အသတ်မဲ့ အရက်တွေ ထောက်ပံ့ပေးထားတဲ့ အကျဉ်းသား အုပ်စုတွေရှိပါတယ်။ အဲဒါကတော့ အကျဉ်းသားတွေကို အဆိပ်ငွေ့ပေးပြီးသတ်တဲ့ အဆိပ်ငွေ့ခန်းနဲ့ သင်္ဂြိုဟ်စက်တွေမှာ အလုပ်လုပ်နေရတဲ့ အကျဉ်းသားတွေပါပဲ။ အဲဒီ အကျဉ်းသားတွေကိုယ်တိုင်ကလည်း တစ်ချိန်ချိန်မှာတော့ သူတို့ဟာလည်း အစားထိုးခံလိုက်ရပြီး သူတို့ကိုယ်တိုင် သင်္ဂြိုဟ်လိုက်ရတဲ့ လူတွေရဲ့နေရာကို ရောက်လိမ့်မယ်ဆိုတာကို ကောင်းကောင်းနားလည်ကြပါတယ်။ အဲဒီအချိန်ရောက်လာခဲ့ရင်တော့ သူတို့ကိုယ်တိုင်ဟာလည်း အခုလိုမျိုး အာဏာပါးကွက်သားနေရာကနေ နှစ်နာသူအဖြစ်၊ စီရင်ခံရသူအဖြစ်ကို ရောက်ရှိသွားမယ်ဆိုတာကို နားလည်ကြပါတယ်။

ကျွန်တော်တို့အုပ်စုထဲက လူတွေအားလုံးနီးပါးရဲ့ အတွေးထဲမှာတော့ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ကိစ္စကြီးဟာ အဆုံးသတ်သွားပြီး ကျွန်တော်တို့အားလုံးဟာ လုံခြုံရာကို ကယ်တင်ခြင်းခံရမယ် ဆိုတဲ့ မျှော်လင့်ချက် အမှားကြီးကို ယုံကြည်မိခဲ့ကြပါတယ်။ နောက်ထပ်ကြုံတွေ့ရမယ့် ကိစ္စတွေဟာ ဘာတွေဖြစ်မလဲဆိုတာကို ကျွန်တော်တို့ လုံးဝ နားမလည်ခဲ့ကြပါဘူး။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ရထားပေါ်က ခရီးဆောင်အိတ်တွေကို ထားရစ်ခဲ့ပြီး အမျိုးသမီးတစ်လိုင်း၊ အမျိုးသားတစ်လိုင်းအဖြစ် တန်းစီဖို့ အမိန့်ပေးခံရပါတယ်။ ကျွန်တော်တို့ရဲ့ အရှေ့တည့်တည့်မှာတော့ SS အရာရှိတွေရှိပါတယ်။ ထူးဆန်းစွာနဲ့ပဲ ကျွန်တော်ဟာ ကျွန်တော်ရဲ့ ကျောပိုးအိတ်ကို ကျွန်တော့်ကုတ်အင်္ကျီအောက်မှာ ဝှက်သွားဖို့ သတ္တိတွေရှိနေခဲ့ပါတယ်။ ကျွန်တော်တန်းစီနေရတဲ့ အတန်းရဲ့ ထိပ်ဘက်မှာတော့ အရာရှိတစ်ယောက်ဟာ တစ်ယောက်ချင်းစီ စစ်ဆေးရင်း ကျော်ဖြတ်နေစေခဲ့တယ်။ တကယ်လို့ သူသာ ကျွန်တော့်ကုတ်အင်္ကျီအောက်မှာ ဖွက်ထားတဲ့ အိတ်ကို ရှာတွေ့သွားမယ်ဆိုရင် ကျွန်တော့်အတွက် အန္တရာယ်များမယ်ဆိုတာကို ကျွန်တော်သိပါတယ်။ ကျွန်တော်ရဲ့ အတွေ့အကြုံအရ တကယ်လို့သာ အဲဒီလိုရှာတွေ့ခဲ့မယ်ဆိုရင် အနည်းဆုံးအနေနဲ့ ကျွန်တော်ဟာ မြေပေါ်ထိကျအောင် ထိုးခံရမယ်ဆိုတာကို နားလည်သဘောပေါက်ထားပြီးသားပါ။ ဒါပေမဲ့လည်း ကျွန်တော်ဟာ ရှည်ရှည်ဝေးဝေး စဉ်းစားနေချိန် မရခင်မှာပဲ

mgyoe.com

 mgyoe.com SAMPLE BOOK 

ကျွန်တော်တို့ရဲ့ အတန်းဟာ သူ့ဆီကို တဖြည်းဖြည်း နီးကပ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် မျှော်လင့်မိတဲ့ တစ်ခုတည်းသောအရာဟာ ကျွန်တော်ရဲ့ ကုတ်အင်္ကျီ ဘယ်လိုပုံစံ ဖြစ်နေသလဲဆိုတာကို သူ သတိမထားမိဖို့ပါပဲ။ အဲဒီနောက်မှာတော့ ကျွန်တော်ဟာ သူနဲ့ မျက်နှာချင်းဆိုင် အနေအထားကို ရောက်လာပါတော့တယ်။ သန့်ရှင်းသပ်ရပ်လှတဲ့ ယူနီဖောင်းဝတ်စုံအောက်က သူရဲ့ ပိန်သွယ်လှတဲ့ ခန္ဓာကိုယ် သွင်ပြင်အရ သူဟာ ကျန်းမာသန်စွမ်းပုံ ပေါ်နေပါတယ်။ ကျွန်တော်တို့နဲ့ ယှဉ်ရင်တော့ တွင်တွင်ကြီး ဆန့်ကျင်ဘက်ပါပဲ။ ကျွန်တော်တို့အားလုံးဟာ ဒီခရီးစဉ် တစ်လျှောက်လုံး ဘာသန့်ရှင်းရေးမှ မလုပ်ဆောင်ခဲ့ရဘဲ ညစ်ပေစုတ်ပြတ်နေပါတယ်။ သူဟာ သူရဲ့ ညာဘက်တံတောင်ဆစ်ကို ဘယ်ဘက်လက်နဲ့ အသာအယာ ဆုပ်ကိုင်ပြီး သက်သာစွာနဲ့ ရပ်ကြည့်နေပါတယ်။ အဲဒီနောက် သူရဲ့ ညာဘက်လက်ဟာ မြောက်တက်လာပြီး သူရဲ့ လက်ညှိုးနဲ့ လူတွေကို ညာဘက် သို့မဟုတ် ဘယ်ဘက်ကို သွားဖို့ ညွှန်ပြပါတယ်။ အဲဒီအပြင် သူရဲ့ လက်ညှိုးဟာ မကြာခဏဆိုသလို ညာဘက်ထက် ဘယ်ဘက်ကိုသွားဖို့ ညွှန်ပြနေတယ်ဆိုပေမဲ့လည်း အဲဒီလက်ညှိုး လေးတစ်ချောင်းရဲ့ လှုပ်ရှားမှု နောက်ကွယ်က ဆိုလိုရင်းကို ကျွန်တော်တို့ထဲက တစ်ယောက်ကမှ နားမလည်ခဲ့ပါဘူး။

အဲဒီနောက် ကျွန်တော်ရဲ့အလှည့် ရောက်လာပါတယ်။ ကျွန်တော်ရဲ့ အနောက်ဘက်က တစ်ယောက်ယောက်ဟာ ကျွန်တော့်ကို 'ညာဘက်ရောက်ဖို့သာ ဆုတောင်းထား' လို့ အဓိပ္ပာယ်ရတဲ့ စကားတစ်ခွန်းကို ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်ဘက်အခြမ်းဟာ နာမကျန်းသူတွေနဲ့ အလုပ်မလုပ်နိုင်တဲ့ လူတွေလိုမျိုး အထူးအကျဉ်းစခန်း[9]ကို ပို့ရမယ့် လူတွေကို ရွေးချယ်ထားတဲ့ဘက် ဖြစ်တာကြောင့်ပါ။ ကျွန်တော်ဟာ ရှေ့ဆက်မယ့် အနာဂတ်တစ်လျှောက်လုံး ကြုံတွေ့ရတော့မယ့် - အဲဒီလိုမျိုး တစ်ယောက်ယောက်ရဲ့ ခွင့်ပြုချက်ကို ငြိမ်သက်စွာ စောင့်ဆိုင်းရင်းသာ သူတို့ရဲ့ အလိုဆန္ဒအတိုင်း လိုက်ပါလုပ်ဆောင်ရမယ့် အဖြစ်အပျက်တွေရဲ့ ပထမဦးဆုံး အခိုက်အတန့်အဖြစ် - ငြိမ်ငြိမ်လေးသာ စောင့်နေခဲ့ပါတယ်။ ကျွန်တော်ရဲ့ ကျောပိုးအိတ်ဟာ လေးလံတာကြောင့် ဘယ်ဘက်ကို နည်းနည်းလေး ယိမ်းယိုင်ချင်သလို ဖြစ်နေပေမဲ့ ကျွန်တော်ဟာ တည့်တည့်မတ်မတ် ရပ်နိုင်ဖို့သာ အစွမ်းကုန် ကြိုးစား

9 Special camps

mgyoe.com

ခဲ့ပါတယ်။ SS အရာရှိဟာ ကျွန်တော့်ကို စူးစိုက်ကြည့်ရှုပြီး အဲဒီခဏမှာတော့ သူ့အကြည့်တွေထဲက မရေရာ မသေချာမှုများစွာကို ခံစားလိုက်ရပါတယ်။ အဲဒီနောက်မှာတော့ သူရဲ့ လက်နှစ်ဖက်စလုံးဟာ ကျွန်တော်ရဲ့ ပခုံးပေါ်ကို ကျရောက်လာခဲ့ပါတယ်။ ကျွန်တော်ဟာ သိပ်ပြီး တက်ကြွရှင်လန်းပုံ မပေါက်နေခဲ့တာ သေချာပါတယ်။ ဒါပေမဲ့လည်း သူဟာ ညာဘက်အခြမ်းကို မျက်နှာမူတဲ့အထိ ဖြည်းဖြည်းချင်းပဲ ကျွန်တော်ရဲ့ ပခုံးတွေကို လှည့်ပေးလိုက်ပါတယ်။ အဲဒီနောက် ကျွန်တော်ဟာ ညာဘက်ခြမ်းကို ဖြည်းဖြည်းချင်း လှမ်းလျှောက်သွားခဲ့ရပါတော့တယ်။

အဲဒီနေ့ ညနေခင်းမှာတော့ ကျွန်တော်တို့ဟာ အဲဒီလက်ညှိုးညွှန်မှုရဲ့ နောက်ကွယ်က အဓိပ္ပာယ်တွေကို နားလည်သဘောပေါက်ခဲ့ရပါတယ်။ အဲဒီအခြင်းအရာဟာ ပထမဆုံး ရွေးချယ်မှု အဆင့်ဖြစ်ပါတယ်။ ပထမ ရွေးချယ်မှုအဆင့်ဆိုတာဟာ ကျွန်တော်တို့ထဲက ဘယ်သူတွေဟာ ရှင်သန်ခွင့်ရပြီး ဘယ်သူတွေက သေဆုံးရမယ်ဆိုတာကို ရွေးချယ်ခြင်းလို့ ဆိုလိုတာပါ။ ကျွန်တော်တို့နဲ့အတူ ခရီးနှင်ခဲ့တဲ့ ခရီးသည်အုပ်စုထဲက ၉၀ ရာခိုင်နှုန်းနီးပါးဟာ အဲဒီရွေးချယ်မှုနောက်မှာ သေဆုံးခဲ့ရပါတယ်။ သူတို့ရဲ့ သေဒဏ်ဟာ အဲဒီ ဆုံးဖြတ်ရွေးချယ်မှုပြုလုပ်ပြီး နာရီအနည်းငယ်အတွင်းမှာတင် စီရင်ပြီးသွားခဲ့ပါပြီ။ ရွေးချယ်မှုလုပ်တုန်းက ဘယ်ဘက်ကို ပို့ခံလိုက်ရတဲ့ လူတွေအားလုံးဟာ ရွေးချယ်မှုလုပ်ငန်းစဥ် ပြီးပြီးချင်းမှာပဲ မီးသင်္ဂြိုဟ်စက်ဆီကို ဦးတည်ပို့ဆောင်ခံခဲ့ရပါတော့တယ်။ ဒါတွေအားလုံးကို အဲဒီမှာ အလုပ်လုပ်ခဲ့တဲ့ အကျဥ်းသားတစ်ယောက်ရဲ့ ပြောပြချက်အရ ကျွန်တော် သိရှိခဲ့ရတာပါ။ သူတို့အားလုံးဟာ အဆောက်အအုံထဲကို ရောက်တာနဲ့ တစ်ပြိုင်နက် တစ်ယောက်ချင်းစီဟာ နာဇီတွေပေးတဲ့ ဆပ်ပြာတုံးတစ်ပိုင်းတစ်စကို ရကြပါတယ်။ သူတို့ရဲ့ အရှေ့တည့်တည့်မှာတော့ 'ရေချိုးခန်း' လို့ရေးထားတဲ့ အခန်းတစ်ခန်းရှိပါတယ်။ ဒါပေမဲ့ အဲဒီနောက်မှာတော့............။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပဲ အဲဒီနောက် ဘာတွေဆက်ဖြစ်လဲဆိုတာကို ကျွန်တော်ဆက်ပြီးရှင်းပြဖို့ လိုတော့မယ် မထင်ပါဘူး။ အဲဒီအဖြစ်ဆိုးကြီးနဲ့ ပတ်သက်လို့ ရှင်ကျန်ရစ်သူပေါင်းများစွာဟာ ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီအဖြစ်ဆိုးကနေ ရှင်ကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့ လူနည်းစုကတော့ အဲဒီညနေမှာပဲ အဖြစ်အပျက် အလုံးစုံကို နားလည်သဘောပေါက်နိုင်ခဲ့တယ်။ ကျွန်တော်

mgyoe.com

ဟာ အဲဒီနေရာမှာ မကြာခဏဆိုသလို အလုပ်လုပ်ရလေ့ရှိတဲ့ အကျဉ်းသားတစ်ဦး ဆီကို ချဉ်းကပ်သွားပြီး ကျွန်တော်ရဲ့ လုပ်ဖော်ကိုင်ဖက်နဲ့ သူငယ်ချင်းဖြစ်သူ P-------- ဘယ်ကိုရောက်သွားလဲဆိုတာကို စုံစမ်းမေးမြန်းခဲ့ပါတယ်။

'သူ ဘယ်ဘက်ကို အပို့ခံလိုက်ရတာလား'

'ဟုတ်ပါတယ်' လို့ ကျွန်တော်ပြန်ပြောခဲ့တဲ့နောက်မှာတော့ သူက ဆက်ပြီး -

'ဒါဆိုရင်တော့ မင်း သူ့ကို ဟိုးမှာ လှမ်းမြင်နေရပြီ' လို့ဆက်ပြောပါတယ်။ သူ ဘာကို ဆိုလိုချင်လဲ နားမလည်ခဲ့ပါဘူး။

'ဘယ်မှာလဲ' လို့ ကျွန်တော်က မေးတဲ့အခါ သူဟာ ကျွန်တော်တို့နဲ့ ပေရာဂဏန်းလောက်အကွာက မီးခိုးခေါင်းတိုင်တစ်ခုကို လက်ညှိုးညွှန်ပြပါတယ်။ မီးခိုးခေါင်းတိုင်ရဲ့ အထက်ဘက်မှာတော့ မီးခိုးငွေ့တွေဟာ ပိုလန်ရဲ့ မှိုင်းအုပ်နေတဲ့ မိုးကောင်းကင်ထဲကို တိုးဝင်ပျောက်ကွယ်သွားပါတယ်။

'အဲဒီမှာ မင်းရဲ့ သူငယ်ချင်းလေ......။ ဟိုး ကောင်းကင်ဘုံကို အိမ်တော်ပြန်သွားရှာပြီ'

လက်ညှိုးညွှန်ရာနောက်ကွယ်က သူရဲ့ အဖြေစကားကို ကြားသိခဲ့ရပေမဲ့ ကျွန်တော်ဟာ သူရဲ့ ဆိုလိုရင်းကို တိုက်ရိုက်စကားလုံးနဲ့ မရှင်းပြခင်အထိ တကယ်ပဲ နားမလည်နိုင်ခဲ့ပါဘူး။

ဒါပေမဲ့ ကျွန်တော့်ပြောစကားတွေက အဆီအငေါ်မတည့်ဖြစ်နေခဲ့ပါပြီ။ စိတ်ပညာရှုထောင့်ကနေ ပြောမယ်ဆိုရင် ကျွန်တော်တို့ဟာ ဒီနေ့ညအတွက် အကျဉ်းစခန်းမှာ အနားယူအိပ်စက်ခွင့်ရခဲ့ပြီဆိုပေမဲ့ နောက်တစ်နေ့မနက်ခင်းရဲ့ အလွန်မှာ ရင်ဆိုင်ရမယ့် ခရီးကြမ်းရှည်ကြီးက စောင့်ကြိုနေပါတယ်။

နောက်တစ်နေ့မနက်မှာတော့ ကျွန်တော်တို့ဟာ ကျည်အပြည့်ဖြည့်ထားတဲ့ သေနတ်ကိုင် SS တပ်သားတွေရဲ့ အစောင့်အကျပ်နဲ့ ရထားဘူတာကနေ အသည်းအသန် ပြေးလွှားထွက်ခွာရပါတယ်။ လျှပ်စစ်တွေ လွှတ်ထားတဲ့ သံဆူးကြိုးတပ်ခြံစည်းရိုးတွေ၊ အကျဉ်းစခန်းတွေကိုဖြတ်သန်းပြီး ကျွန်တော်တို့ဟာ နောက်ဆုံးမှာ သန့်ရှင်းရေးစခန်းကို ရောက်ရှိခဲ့ကြပါတယ်။ ပထမမြောက် ရွေးချယ်မှုကို ဖြတ်သန်းအောင်မြင်ခဲ့တဲ့ ကျွန်တော်တို့အတွက်တော့ အဲဒီအခိုက်အတန့်ဟာ တကယ့်ပဲ ရေချိုးသန့်စင်ဖို့ ဖြစ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့ရဲ့ အသက်

mgyoe.com

အန္တရာယ် ဘေးကင်းကြောင်း မျှော်လင့်ချက်ဟာ ပိုမိုသေချာသွားခဲ့ပါတော့တယ်။ SS အရာရှိတွေဟာ အပြင်ပန်းသဏ္ဍာန်အရတော့ အတော်လေး သဘောကောင်း ဖော်ရွေပုံပေါ်ပါတယ်။ ဒါပေမဲ့လည်း သိပ်မကြာခင် အခိုက်အတန့်မှာပဲ ကျွန်တော်တို့ဟာ အဲဒီ ဖော်ရွေမှုနောက်ကွယ်က အကြောင်းရင်း အစစ်အမှန်ကို သိနားလည်ခဲ့ရတယ်။ အဲဒါကတော့ သူတို့ဟာ ကျွန်တော်တို့ရဲ့ လက်ကောက်ဝတ်ပေါ်မှာ ပတ်ထားတဲ့ တန်ဖိုးကြီးနာရီတွေနဲ့ တခြားအသုံးအဆောင်တွေကို ယုံယုံကြည်ကြည်နဲ့ လက်လွှဲရရှိနိုင်ဖို့အတွက် အပြင်ပန်းမှာ ဖော်ရွေဟန်ဆောင်ခဲ့ကြတာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေအားလုံးကို သူတို့ သိမ်းဆည်းတာကိုခံရမှာပါ။ ဒီတော့ အခုလို ဖော်ရွေစရာကောင်းတဲ့လူတစ်ယောက်ကို ဘာကြောင့်မို့ နာရီတစ်လုံးလောက် မပေးနိုင်ရမှာလဲ။ တစ်ချိန်ချိန်မှာတော့ ဒီလူ့ဆီက ကျွန်တော်တို့ အကူအညီတစ်ခုခုရနိုင်တယ်လေ။

ကျွန်တော်တို့ဟာ ပိုးသတ်ခန်းလို ပုံစံရတဲ့ ဧည့်ခန်းတစ်ခန်းထဲမှာ စောင့်နေခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ SS တပ်သားတွေဟာ အိပ်ရာလိပ်ကိုယ်စီနဲ့ ရောက်လာကြပြီး ကျွန်တော်တို့ကို တစ်ခုစီလိုက်ပေးပါတယ်။ ပြီးတော့ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ နာရီတွေ၊ လက်ဝတ်ရတနာတွေအားလုံးကို သူတို့ဆီကို လွှဲပြောင်းပေးခိုင်းရင်းပေါ့။ အဲဒီလို အချိန်မျိုးမှာတောင် ကျွန်တော်တို့ကြားထဲမှ ထုံအရိုးသားပုံရတဲ့ အကျဉ်းသားတွေ ရှိသေးတာကို တွေ့လိုက်ရတယ်။ သူတို့က ပစ္စည်းလိုက်သိမ်းနေတဲ့ စစ်သားတွေကိုကြည့်ပြီး သူတို့ရဲ့ လက်ထပ်လက်စွပ်တို့၊ ဆုတံဆိပ်တို့နဲ့ ကံကောင်းစေတဲ့ အဆောင်လိုအရာမျိုးတွေကို ကိုယ်နဲ့မကွာ ဆောင်ထားလို့ရမလားလို့ မေးကြပါသေးတယ်။ ဒါပေမဲ့လည်း ဘယ်သူမှ သေသေချာချာ နားမလည်နိုင်သေးခင်မှာပဲ အရာတိုင်းဟာ သူတို့လက်ထဲကနေ သိမ်းဆည်းယူဆောင်သွားကြပါတော့တယ်။

အကျဉ်းသားဟောင်းတွေထဲက တစ်စုံတစ်ယောက်ကို ယုံကြည်ကိုးစားကြည့်ဖို့ ကျွန်တော့်အနေနဲ့ ကြိုးစားခဲ့ပါသေးတယ်။ ကျွန်တော်ဟာ သူ့ကို တိတ်တဆိတ်ပဲ ချဉ်းကပ်ပြီး ကျွန်တော့် ကုတ်အင်္ကျီအတွင်းပိုင်းထဲက စာလိပ်တစ်လိပ်ကို ပြလိုက်ပါတယ်။ ပြီးတော့ 'ဒီမှာ ဒီစာမူကြမ်းက ပညာရပ်ဆိုင်ရာစာအုပ်တစ်အုပ်ပဲ။ ခင်ဗျားက ကျွန်တော့်ကို ကျွန်တော့်အနေနဲ့ အသက်နဲ့ ကိုယ် အိုးစား

မကွဲဘဲ ဒီစခန်းထဲက လွတ်မြောက်မယ်ဆိုရင်တောင် ကံကောင်းလို့ ဆိုပြီး ပြော မယ်ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော့်အနေနဲ့လည်း အဲဒါဟာ ကျွန်တော် မျှော်လင့်နိုင်တဲ့ အကောင်းဆုံး ကျေးဇူးတော်ပဲဆိုတာကို နားလည်တယ်။ ဒါပေ မယ့် ကျွန်တော်မတတ်နိုင်ဘူးဗျာ။ ကျွန်တော် ဒီလက်ရေးစာမူကြမ်းကို ဘယ်လို နည်းနဲ့မဆို အဆုံးတိုင် ကာကွယ်ထိန်းသိမ်းသွားချင်တယ်။ ဒါဟာ ကျွန်တော့်တစ် ဘဝလုံးစာပဲ။ ခင်ဗျား နားလည်ရဲ့လားမသိဘူး' လို့ တစ်ဆက်တည်းပြောလိုက်ပါ တော့တယ်။

စစဦးချင်းမှာတော့ သူ့ပုံစံက နားလည်သွားပုံရပါတယ်။ အစပိုင်းတော့ သူ ရဲ့ မျက်နှာပေါ်မှာ ကျွန်တော့်ကို သနားတဲ့ အကြည့်တစ်ခု ဖြတ်ပြေးသွားတယ်။ အဲဒီနောက် သူ့ရဲ့ မျက်နှာဟာ ပြုံးစိစိဖြစ်လာပြီး ကျွန်တော့်ကို လှောင်ပြုံးပြုံးပါ တယ်။ အဆုံးမှာတော့ သူ့ဆီက လှောင်ရယ်သံဟာ ခပ်အုပ်အုပ်ပဲ ထွက်လာခဲ့ပါ တယ်။ အဲဒီနောက် သူဟာ ကျွန်တော့်ကို စကားလုံးတစ်လုံးတည်းသာ အသံကျယ် ကျယ်နဲ့ အော်ပြီးပြောပါတယ်။ အဲဒီစကားလုံးကတော့ ကျွန်တော်တို့ အကျဉ်းသား တွေကြားထဲမှာ 'ချီးပဲ' လို့ အဓိပ္ပာယ်ရတဲ့ စကားလုံးတစ်ခုပေါ့။

အဲဒီတစ်ခဏမှာပဲ ကျွန်တော်ဟာ ရှင်းလင်းလှတဲ့ အမှန်တရားကို ရှာဖွေ တွေ့ရှိသွားပြီး ကျွန်တော်ဟာ ကျွန်တော်ရဲ့ စိတ်ပိုင်းဆိုင်ရာ အမှတ်အသားရဲ့ အထင်ရှားဆုံး ပြောင်းလဲမှုတစ်ခုဖြစ်မယ့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်ပါ တော့တယ်။ ဒါဟာ ကျွန်တော်ရဲ့ အကျဉ်းထောင်ထဲမရောက်ခင်က ဘဝကို လုံးဝ မေ့ဖျောက်ပစ်လိုက်ဖို့ပါပဲ။

ရတ်တရက်ဆိုသလို ကျွန်တော်နဲ့အတူ ရထားစီးလာခဲ့ကြတဲ့ လူတွေကြားထဲ မှာ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ကူကယ်ရာမဲ့ပုံစံမျိုးနဲ့ ဘာ ဆက်လုပ်ကြမလဲဆိုတာကို အငြင်းပွားလာကြပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော် တို့ဟာ နောက်ထပ် မာတင်းပြင်းထန်လှတဲ့ အော်ဟစ်အမိန့်ပေးသံတစ်ခုကို ထပ်မံ ကြားလိုက်ရပါတယ်။ အဲဒီနောက် ကျွန်တော်တို့ဟာ ရိုက်နှက် ကန်ကျောက်ခံရပြီး ရေချိုးခန်း အရှေ့ဘက်က အခန်းကျဉ်းလေးထဲကို အတင်း မောင်းသွင်းခံလိုက်ရပါ တယ်။ အဲဒီနေရာမှာတော့ ကျွန်တော်တို့အားလုံးဟာ SS အရာရှိတစ်ယောက်ရဲ့ အရှေ့မှာ လူစုံတဲ့အထိ တန်းစီစောင့်ဆိုင်းခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ အဲဒီ

mgyoe.com

အရာရှိကနေ စကားသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

'ငါ မင်းတို့ကို အချိန် ၂ မိနစ်ပေးမယ်။ ငါနာရီကနေပြီး အဲဒီ ၂ မိနစ်ပြည့်တာကို စောင့်ကြည့်နေမယ်။ အဲဒီ ၂ မိနစ်အတွင်းမှာပဲ မင်းတို့အားလုံးဟာ အဝတ်အစားတွေအားလုံးကို ချွတ်ပြီး မင်းတို့ ခန္ဓာကိုယ်မှာ ရှိသမျှ ပစ္စည်းအားလုံးကို ချထားရမယ်။ မင်းတို့ရဲ့ ခန္ဓာကိုယ်မှာ အတွင်းခံဘောင်းဘီ ဒါမှမဟုတ် ခါးပတ်နဲ့ ဖိနပ်ကလွဲ ရှိသမျှ ပစ္စည်းအားလုံးကို မင်းတို့ရပ်နေတဲ့ နေရာမှာ ချထားရမယ်။ အခု ငါ အချိန်စမှတ်တာနဲ့ စလုပ်တော့။ အခုပဲ'

အဲဒီနောက်မှာတော့ မယုံနိုင်လောက်အောင် သွက်လက်မှုနဲ့ လူတွေအားလုံးဟာ သူတို့ရဲ့ အဝတ်အစားတွေကို ခန္ဓာကိုယ်ကနေ ချွတ်ကြတယ်။ အချိန်ပြည့်သွားတဲ့အခါ လူတွေအားလုံးရဲ့ ခန္ဓာကိုယ်ပေါ်မှာ အတွင်းခံဘောင်းဘီ၊ ခါးပတ်နဲ့ ဖိနပ်တို့သာ ကျန်ရစ်ခဲ့ပြီး အားလုံးဟာ ရှက်ကိုးရှက်ကန်းနဲ့ ကိုးရိုးကားယားနိုင်လွန်းလာကြပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့ဟာ သားရေကြိုးကြာပွတ်တွေနဲ့ ဗလာကျင်းခန္ဓာကိုယ်တွေကို လိုက်ပြီး ရိုက်တဲ့အသံကို ကျွန်တော်တို့ ကြားလာကြရပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့ဟာ နောက်ထပ်အခန်းတစ်ခန်းထဲကို ဆက်ပို့ခံရပြီး ခန္ဓာကိုယ်မှာရှိတဲ့ အမွေးအမှင်တွေမှန်သမျှကို ရိတ်သင်စေခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ကျွန်တော်တို့ဟာ ရေချိုးဖို့အတွက် ထပ်ပြီး တန်းစီရပြန်ပါတယ်။ ကျွန်တော်တို့အတွက်တော့ တစ်ယောက်ကိုတစ်ယောက် မှတ်မိဖို့တောင် အသည်းအသန် ကြိုးစားနေခဲ့ရပါပြီ။ ဒါပေမဲ့ အဲဒီနောက်မှာတော့ ရေပန်းတွေထဲကနေ တကယ့်ရေတွေ ထွက်လာတယ်ဆိုတာကို လူတချို့ဆီက ကြားလိုက်ရတဲ့အခါမှာတော့ ကျွန်တော်တို့ရဲ့ စိုးရိမ်စိတ်တွေဟာ အတိုင်းအတာတစ်ခုအထိ လျော့နည်းသွားခဲ့ရပါတယ်။ ကျွန်တော်တို့ဟာ ရေချိုးဖို့ တန်းစီစောင့်ဆိုင်းနေချိန်မှာပဲ ကျွန်တော်တို့ရဲ့ ကိုယ်လုံးတီးဖြစ်မှုကို သေချာပြီး သတိမူမိခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့ဟာ ကိုယ်ရဲ့ အမွေးတစ်ပင်မှမရှိတဲ့ မိမွေးတိုင်း ခန္ဓာကိုယ်ကလွဲလို့ ကျွန်တော်တို့မှာ တွယ်တာစရာမရှိတော့ပါဘူး။ ကျွန်တော်တို့ ပိုင်ဆိုင်သမျှဟာ ကျွန်တော်တို့ရဲ့ ကိုယ်လုံးတီးဖြစ်မှုချည်းသက်သက်ပါပဲ။ ကျွန်တော်တို့ရဲ့ အသက်ခန္ဓာကလွဲလို့ ဘယ်လို ဥစ္စာပစ္စည်းကို ကျွန်တော်တို့ ပိုင်ဆိုင်နိုင်ကြပါသေး

လဲ။

ကျွန်တော့်အတွက်တော့ ပိုင်ဆိုင်ခဲ့သမျှဟာ ကျွန်တော်ရဲ့ မျက်မှန်နဲ့ ခါးပတ်လေး တစ်ခုသာပါပဲ။ အဲဒီတစ်ခုတည်းသော ကျန်ရစ်ခဲ့တဲ့ ခါးပတ်လေးကိုတောင်မှ ကျွန်တော်ဟာ နောက်ပိုင်းမှာ တော်မွတ်လွန်းလို့ ပေါင်မုန့်လေးတစ်ဖဲ့နဲ့ လဲလှယ်စားသောက်ခဲ့ရပါသေးတယ်။ ကျွန်တော်တို့အားလုံးထဲမှာ တန်ဖိုးအမြင့်ဆုံးကို ပိုင်ဆိုင်ခဲ့သူတွေဆိုလို့ ခွသိုင်း (အူကျရင်အသုံးပြုရသော ဆေးဘက်ဆိုင်ရာ ခါးပတ်) ကို ပိုင်ဆိုင်ခဲ့သူတွေပဲ ရှိပါတော့မယ်။

အဲဒီညနေခင်းမှာတော့ ကျွန်တော်တို့ တဲအဆောင်ရဲ့ အကျဉ်းသားဟောင်းတန်းစီးကြီးရဲ့ ကြိုဆိုမိန့်ခွန်းကြီးကို နားသောတဆင်ခဲ့ရပါသေးတယ်။ သူဟာ သူရဲ့ ကြီးကျယ်မြင့်မြတ်လှတဲ့ မိန့်ခွန်းကြီးကို ခြိမ်းခြောက်မှုတစ်ခုနဲ့ အဆုံးသတ်လိုက်ပါတယ်။ အဲဒါကတော့ တကယ်လို့သာ အကျဉ်းသားတစ်ယောက်ယောက်ဟာ သူရဲ့ ခွသိုင်းထဲမှာ ပိုက်ဆံ (ဒါမှမဟုတ်) ရတနာပစ္စည်းတစ်ခုခုကို ဖွက်ထားတာရှိရင် ချက်ချင်းပဲ သူ့ဆီကို လက်လွှဲပေးဖို့နဲ့ အဲဒီလိုမှမဟုတ်ဘဲ သူတို့ရှာလို့ တွေ့ခဲ့ရင် အဲဒီအကျဉ်းသားကို ထုပ်တန်းမှာ ကြိုးဆွဲချပြီး သတ်ပစ်မယ်ဆိုတာကို ခြိမ်းခြောက်စကားဆိုခဲ့ပါတယ်။ ဒါဟာ ဝါရင့်အကျဉ်းသားတွေရဲ့ လုပ်ပိုင်ခွင့်ဖြစ်ပြီး ဒီလိုမျိုး အာဏာကို အကျဉ်းထောင်က အာဏာပိုင်တွေက လက်လွှဲပေးထားတယ်ဆိုတာကို သူက ဂုဏ်ယူဝင့်ကြွားစွာနဲ့ ရှင်းပြခဲ့ပါသေးတယ်။ အဲဒီနောက် ခွသိုင်းကနေပြီး ဖိနပ်တွေအကြောင်းကို ရောက်လာတဲ့အခါ အခြေအနေတွေဟာ ပိုပြီးရှုပ်ထွေးလာခဲ့ပါတယ်။ ခုနက ရေမချိုးခင်တုန်းက အရာရှိတွေရဲ့ မှာကြားချက်အရ ကျွန်တော်တို့ဟာ ကိုယ်ရဲ့ ဖိနပ်တွေကိုတော့ ဆက်ပြီး စီးထားလို့ရတယ်ဆိုပေမဲ့လည်း တကယ်တမ်း အဆောင်ထဲကို ရောက်လာတဲ့အခါ အခြေအနေတွေဟာ ပြောင်းလဲသွားပါတယ်။ တကယ်လို့သာ တစ်ယောက်ယောက်ဆီမှာသာ ဖိနပ်အကောင်းစားတစ်ရန်လောက် ကျန်သေးဦးမယ်ဆိုရင် အဲဒီ ဖိနပ်ဟာလည်း ခုနက တန်းစီးတွေဆီကို လွှဲပြောင်းပေးရမှာဖြစ်ပြီး အဲဒီအစား သူတို့နဲ့ မတော်တဲ့ ဖိနပ်အစုတ်အပြတ်ဟောင်းတစ်ရန်ကိုသာ အစားထိုးရရှိမှာ ဖြစ်ပါတယ်။

အဲဒီလိုမျိုး အဓမ္မ လုယူမခံရလေအောင် ခုနက ဧည့်ခန်းထဲက အချင်းချင်းအကြံပေးတဲ့အတိုင်း လည်ရှည်ဖိနပ်ကိုဖြတ်ပြီး ဖြတ်လိုက်တဲ့အနားသားစတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

မသိသာအောင် ဆပ်ပြာနဲ့ ပွတ်ထားတဲ့ အကျဉ်းသားတွေကတော့ အခုချိန်မှာ တကယ့်ပြဿနာကြီးနဲ့ ရင်ဆိုင်ရပါပြီ။ ကျွန်တော့်အထင်မှာတော့ SS တပ်သားတွေဟာ ဒီလိုမျိုးဖြစ်အောင်ကို တမင်သက်သက် အလစ်ချောင်းနေခဲ့ကြသလိုပါပဲ။ အဲဒီလိုမျိုး ဖိနပ်ကို ဖြတ်ထားတယ်လို့ သံသယရှိတဲ့လူအားလုံးဟာ ဘေးကပ်လျက်က အခန်းကျဉ်းထဲကို စေလွှတ်ခံရပြီး အဲဒီမှာ စစ်ဆေးခံရမှာဖြစ်ပါတယ်။ အချိန်ခဏလောက်ကြာတော့ ကျွန်တော်တို့အားလုံးဟာ အဲဒီအခန်းထဲက ထွက်ပေါ်လာတဲ့ ကြာပွတ်ရိုက်သံတွေနောက်မှာ လူတွေရဲ့ နာနာကျင်ကျင် အော်ဟစ်ငိုယိုသံတွေကို စိတ်မကောင်းစရာ ကြားခဲ့ရပါတော့တယ်။ အဲဒီခဏမှာတော့ ကျွန်တော်တို့ကြားမှာ ဘာအသံမှ ထွက်လာတော့လောက်အောင် တိတ်ဆိတ်သွားခဲ့ကြပါတယ်။ အဲဒီလို အဖြစ်အပျက်တွေနဲ့ပဲ ကျွန်တော်တို့ ယုံကြည်မျှော်လင့်ခဲ့တဲ့ အတုအယောင်မျှော်လင့်ချက်တွေဟာ တစ်ခုပြီးတစ်ခု ပျက်စီး ပြိုပျက်သွားခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ မျှော်လင့်မထားဘဲ ကျွန်တော်တို့ အတော်များများဟာ ရယ်စရာနာကျင်မှုကို ခံစားလိုက်မိတော့တယ်။ အဲဒါကတော့ ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ရဲ့ အဝတ်မပါတဲ့ ခန္ဓာကိုယ်အောက်က အသက်တွေကလွဲရင် ဆက်ပြီး ဆုံးရှုံးစရာမရှိတော့ဘူး ဆိုတာပါပဲ။ အဲဒီနောက် ရေတကယ်စပြီး ချိုးကြရတဲ့အခါ ကျွန်တော်တို့အားလုံးဟာ လက်ရှိကြုံတွေ့နေရတဲ့ အခြေအနေကြီးထဲက ကိုယ့်ကိုယ်ကိုယ် ဟာသလုပ်ဖို့၊ ဒါမှမဟုတ် တခြားလူကို စနောက်ဖို့သာ ကြိုးစားကြရပါတယ်။ နောက်ဆုံးတော့ ရေပိုက်တွေထဲကနေ တကယ့်ရေအစစ်တွေ ထွက်လာခဲ့ပါတော့တယ်။ အဲဒီလို အူကြောင်ကြောင်နိုင်လှတဲ့ ဟာသတွေရဲ့နောက်မှာတော့ ကျွန်တော်တို့ဟာ နောက်ထပ် ထူးဆန်းတဲ့ ခံစားချက်တစ်ခုကို ထပ်ပြီး ခံစားကြရပါတယ်။ အဲဒါကတော့ စပ်စုခြင်းပါပဲ။

ကျွန်တော်ဟာ အခုလိုမျိုး တစ်ချိန်တုန်းကလည်း ကျွန်တော် ကြုံတွေ့ခံစားခဲ့ရတဲ့ အူကြောင်ကြောင်နိုင်လှတဲ့ အခြေအနေအတွက် စူးစမ်းစပ်စုတာမျိုး ရှိခဲ့ဖူးပါတယ်။

ကျွန်တော့်ဘဝမှာ တစ်ခါတုန်းကတောင်ကို ကြိုးလွဲတက်ရင်း မတော်တဆမှုဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော်ခံစားခဲ့ရမိတဲ့ တစ်ခုတည်းသော ခံစားချက်ဟာ - စူးစမ်းသိရှိလိုခြင်းပါပဲ။ ဘယ်လို စူးစမ်းသိရှိလိုခြင်းလဲဆိုတော့ ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ဟာ ဒီဒဏ်ရာကနေတစ်ဆင့်ကြုံတွေ့နေရတဲ့ အသက်ဘေးကို လွတ်မြောက်သွားမလား ဒါမှမဟုတ် အရိုးကျိုးတာ၊ ထိခိုက်ဒဏ်ရာအပြင်းအထန်ရတာမျိုးနဲ့ ဘဝအဆုံးသတ်သွားမလား ဆိုတာမျိုးပါပဲ။

အေးစက်ချောက်ချားစရာ စူးစမ်းသိရှိလိုစိတ်ဟာ အော့ရှ်ဗစ်ဇ်လို နေရာမျိုးမှာတောင် အဓိက ခံစားမှုဖြစ်နေခဲ့ပါတယ်။ အဲဒီစူးစမ်းလိုစိတ်ဟာ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာဖြစ်ပျက်နေတာနဲ့ ကျွန်တော်တို့နဲ့ကြားမှာ မသက်ဆိုင်တော့သလို၊ ဝေးကွာသွားသလို ခဏတာ ကူညီပေးခဲ့တယ်။ အဲဒီလိုမျိုးကြောင့် ကျွန်တော်တို့ကိုယ်တိုင်ကတောင် ဒီအဖြစ်အပျက်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ် ဆိုတာကို မေ့လျော့ခဲ့ပြီး ဖြစ်ပျက်နေသမျှတိုင်းကို ပိုမိုရှင်းလင်းပြတ်သားစွာ မြင်တွေ့သုံးသပ်နိုင်ခဲ့ကြပါတယ်။ အဲဒီလို တွေးတောရှုမြင်မှုဟာ ကျွန်တော်တို့ ကိုယ်ကို ကာကွယ်ဖို့ ကူညီနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ဘာတွေဆက်ဖြစ်မလဲဆိုတာကို အရမ်းပဲ သိချင်ခဲ့ကြတယ်။ ဥပမာ အခုလိုမျိုး ကျွန်တော်တို့ဟာ အပြင်ဘက်က ဆောင်းဦးရာသီရဲ့ အေးစက်တဲ့ လေထုအောက်မှာ ကိုယ်တုံးလုံးကျွတ် ရေစိုကြီးနဲ့သာ ရပ်နေခဲ့ရတဲ့အဖြစ်ကို နောက်တော့ ဘာများဆက်ဖြစ်မလဲ ဆိုတာမျိုးပေါ့။ နောက်ရက်များမှာတော့ ကျွန်တော်တို့ရဲ့ စူးစမ်းစပ်စုလိုစိတ်ဟာ အံ့သြထိတ်လန့်မှုအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။ အကြောင်းကတော့ ကျွန်တော်တို့ထဲက ဘယ်သူကမှ အအေးမိတာ၊ ဖျားနာတာတွေ မဖြစ်ခဲ့ကြလို့ပါပဲ။

အသစ်ရောက်လာတဲ့ ကျွန်တော်တို့အတွက်တော့ နောက်ထပ် အံ့သြစရာတွေဟာ စောင့်ကြိုနေပါပြီ။ ကျွန်တော်တို့ထဲမှာပါတဲ့ ဆေးပညာနယ်ပယ်ကလူတွေအားလုံး ပထမဆုံး သင်ယူမိတဲ့ပုစ္ဆာကတော့ 'ပြဋ္ဌာန်းစာအုပ်တွေဟာ အလိမ်အညာတွေပဲဖြစ်တယ်' ဆိုတဲ့အချက်ပါပဲ။ တချို့သော စာအုပ်တွေမှာ လူတစ်ယောက်ဟာ တစ်နေ့ကို နာရီအနည်းငယ်လောက်တောင်မအိပ်ရဘဲနဲ့ ဘယ်လိုနည်းနဲ့မှ အသက်မရှင်နိုင်ဘူးလို့ အတိအကျ ဆိုထားကြတာတွေရှိတယ်။ တကယ်တော့ အဲဒီအချက်ဟာ အမှားကြီးပါပဲ။ ကျွန်တော်ဆိုရင်လည်း ဘဝမှာ ကျွန်တော် မတတ်နိုင်လောက်တဲ့ အရာတွေရှိလိမ့်မယ်လို့ အမြဲယုံကြည်ခဲ့ရပါတယ်။ ဥပမာ - ဒီလိုအခြေအနေ၊ ဒီလိုပစ္စည်းတွေ တစ်စုံတစ်ခုမရှိဘဲနဲ့ မအိပ်နိုင်ဘူး၊ တစ်ခုခုမရှိဘဲနဲ့ မနေထိုင်နိုင်ဘူးလို့ ထင်ခဲ့မိပါတယ်။ ဒါပေမဲ့ အော့ရှ်ဗစ်ဇ်မှာ အိပ်ရတဲ့ ပထမဆုံးညမှာပဲ ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

တို့ဟာ အလွှာတွေနဲ့ တည်ဆောက်ထားတဲ့ အိပ်စင်တွေနဲ့ အိပ်ရပါတယ်။ ၆ ပေခွဲကနေ ၈ ပေခွဲလောက်ရှိ ကျယ်ဝန်းတဲ့ အလွှာတစ်ခုချင်းစီတိုင်းက ကြမ်းခင်းအလွတ်ပေါ်မှာ လူ ၉ ယောက်ဟာ တိုးကြိတ်ပြီး အိပ်ရပါတယ်။ လူ ၉ ယောက်အတွက် ဝေစုဆိုလို့ စောင်နှစ်ထည်ပဲ ရပါတယ်။ ကျွန်တော်တို့ဟာ ကိုယ်နေရာလေးမှာပဲ တစ်ဖက်နဲ့ တစ်ဖက်ကို လှည့်လည်ပြီး မအိပ်စက်နိုင်ဘဲ အချင်းချင်း ငါးပိသိပ်သလို ကျပ်ညပ်စွာ အိပ်စက်ကြရပါတယ်။ အဆိုးထဲက အကောင်းအနေနဲ့ အဲဒီလို အိပ်ကြတဲ့အတွက် ကျွန်တော်တို့ဟာ အပြင်ဘက်က ချမ်းအေးလှတဲ့ ဆောင်းဦးရာသီရဲ့ အအေးဒဏ်ကို အနည်းငယ်လောက် ကာကွယ် ဖြေသိမ့်နိုင်ခဲ့ကြပါတယ်။ ဒါ့အပြင် အကျဉ်းသားတွေအနေနဲ့ အိပ်ရာထဲကို မိမိတို့ရဲ့ ဖိနပ်များအား ယူဆောင်ခွင့်မရှိဘူးလို့ ဆိုပေမဲ့လည်း တချို့အကျဉ်းသားတွေကတော့ သူတို့ရဲ့ ရွှံ့တွေ ပေလူးနေတဲ့ ဖိနပ်တွေကို ခေါင်းအုံးအဖြစ် အသုံးပြုကာ အိပ်စက်ကြပါတယ်။ တစ်ဖက်မှာတော့ အဲဒီလို ဖိနပ်ကို ခေါင်းအုံးလုပ်မအိပ်နိုင်တဲ့ ကျွန်တော်တို့လိုလူတွေအတွက်တော့ ကိုယ့်လက်မောင်းကိုသာ ခေါင်းအုံးအဖြစ် အသုံးပြုပြီး အိပ်ရပါတယ်။ ကံကောင်းထောက်မစွာနဲ့ပဲ အိပ်စက်ခြင်းဟာ ကျွန်တော်တို့ ကြုံတွေ့ခံစားနေရတဲ့ နာကျင်မှုတွေနဲ့ ဒဏ်ရာတွေကို နာရီအနည်းငယ်စာလောက် သက်သာမေ့ပျောက်စေခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဘယ်လောက်တောင် ကြံ့ကြံ့ခံအောင် နေထိုင်နိုင်ဖို့ ကြိုးစားခဲ့ရသလဲဆိုတာကို အနည်းငယ်လောက် ဖော်ပြပါရစေ။ ကျွန်တော်တို့ အားလုံးဟာ သွားတိုက်ဖို့တောင် အခွင့်အရေး တစ်ခါမှ မရခဲ့ပါဘူး။ ဒါပေမဲ့လည်း အဲဒီလို သွားမတိုက်ရတာနဲ့ ဗီတာမင်ဓာတ်ချို့တဲ့ရတာတောင်မှ ကျွန်တော်တို့ရဲ့ သွားဖုံးတွေဟာ အဲဒီအချိန်အတွင်းမှာ ဘဝတစ်လျှောက်လုံးအတွက် အခိုင်ခံ့ဆုံးဖြစ်ခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ကိုယ်ပေါ်က အဝတ်အစားတွေဟာ အဝတ်အစားလို့ ခေါ်ဖို့တောင် ခက်လောက်ရတဲ့အနေအထားတွေကို ရောက်တဲ့အထိ၊ ကျွန်တော်တို့ဟာ အဝတ်အစားတစ်စုံတည်းကို နှစ်တစ်ဝက်လောက် ဝတ်ဆင်ခဲ့ရပါတယ်။ ပထမဆုံးတစ်ရက်မှာ ရေချိုးခဲ့ရပြီးနောက်ပိုင်း ရေပိုက်တွေဟာ နှင်းဒဏ်ကြောင့် အေးခဲနေခဲ့ရလို့ ကျွန်တော်တို့ဟာ အတော်ကြာတဲ့အထိ လက်တောင် ဆေးဖို့ ရေမရခဲ့ပါဘူး။ ဒါပေမဲ့လည်း ထူးဆန်းစွာနဲ့ပဲ ကျွန်တော်တို့ လက်ပေါ်က ဒဏ်ရာအနာတရတွေဟာ ရောဂါပိုး လုံးဝမဝင်ခဲ့ပါဘူး (ကျွန်တော်တို့ထဲက တချို့ကတော့ နှင်းကိုက်

mgyoe.com

mgyoe.com SAMPLE BOOK

နာကိုခံစားခဲ့ရပါတယ်) ဥပမာအားဖြင့် ဆူညံသံနည်းနည်းလောက်ကြားရင်တောင် အိပ်ရာကနိုးတတ်တဲ့ အအိပ်ဆတ်သူတစ်ယောက်ဟာ အခုတော့ ခပ်လှမ်းလှမ်းက ရဲဘော်ရဲဘက်တစ်ယောက်ရဲ့ ဆူညံကျယ်လောင်လှတဲ့ ဟောက်သံအောက်မှာ တောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေတတ်ခဲ့ပါပြီ။

တကယ်လို့ တစ်ယောက်ယောက်ကသာ ဒေါ့စတိုယက်စ်ကီးရဲ့ 'လူဆိုတာ ဘယ်လိုအခြေအနေမျိုးနဲ့မဆို နေသားကျအောင် ပြောင်းလဲနေထိုင်နိုင်တဲ့ သတ္တဝါ ပဲ' ဆိုတဲ့အဆိုကို မှန်ကန်ရဲ့လားလို့ ကျွန်တော်တို့ကို မေးလာမယ်ဆိုရင် ကျွန်တော် တို့ပြန်ပြောမှာကတော့ 'ဟုတ်တယ်။ လူတစ်ယောက်ဟာ ဘယ်လိုအခြေအနေမျိုး နဲ့မဆို နေသားကျအောင် ပြောင်းလဲနေထိုင်တတ်တဲ့ သတ္တဝါပဲ။ ဒါပေမဲ့ ဘယ်လို မျိုး ပြောင်းလဲနေထိုင်သလဲလို့တော့ ငါတို့ကို လာမမေးနဲ့' လို့ အဖြေပြန်ပေးမိ မှာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ စိတ်ပညာလေ့လာချက်များအရ ကျွန်တော်တို့ အကျဉ်းသားတွေဟာ အဲဒီလို အခြေအနေအထိတော့ မရောက်သေးဘူးဆိုတာကို ပြနေပါတယ်။ ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ရဲ့ စိတ်ပိုင်းဆိုင်ရာတုံ့ပြန်မှု ရဲ့ ပထမအဆင့်မှာပဲ ရှိပါသေးတယ်။

အားလပ်ချိန် ခဏလောက်လေးရတာနဲ့ အားလုံးရဲ့စိတ်ထဲကို ပြေးဝင်လာ တဲ့ အတွေးက သတ်သေဖို့အတွေးပါပဲ။ အဲဒီလို အတွေးဟာ ကျွန်တော်တို့ပတ်ဝန်း ကျင်မှာကြုံတွေ့ခံစားနေရတဲ့ အချိန်နဲ့အမျှ နာရီနဲ့အမျှ အသတ်ဖြတ်ခံနေရတဲ့ လူတွေနဲ့ ကျွန်တော်တို့ကိုယ်တိုင် အန္တရာယ်တွေကြားထဲမှာ အသက်အန္တရာယ် အတွက် အမြဲတမ်း စိုးရိမ်နေရတဲ့ အခိုက်အတန့်၊ ပြီးတော့ ကူကယ်ရာမဲ့မှုနဲ့ အားအင်ချည့်နဲ့မှုတို့လို ခံစားချက်တွေကနေ လာပါတယ်။ ကျွန်တော်ရဲ့ ပုဂ္ဂလ ယုံကြည်မှုအရ (နောက်ပိုင်းမှသာ အကျယ်တဝင့်ရှင်းပြပါမယ်) ကျွန်တော်ဟာ အကျဉ်းစခန်းထဲ စတင်ရောက်ရှိခဲ့တဲ့ ပထမဦးဆုံးညမှာတင် ကိုယ့်ကိုယ်ကိုယ် သန္နိဋ္ဌာန် တစ်ခုချခဲ့ပါတယ်။ အဲဒါကတော့ 'ငါဘယ်တော့မှ အဲဒီ လျှပ်စစ်သံဆူးကြိုး တွေဆီမပြေးဘူး' ဆိုတဲ့ ခံယူချက်ပါပဲ။ ဒါဟာ အကျဉ်းစခန်းထဲက အကျဉ်းသားတွေ ကြားထဲမှာ အတွေ့ရဆုံးသော သတ်သေမှုပုံစံပါပဲ။ ကျွန်တော့်အတွက်တော့ အဲဒီလို ဆုံးဖြတ်ချက်ချဖို့ဆိုတာ သိပ်တော့ခက်ခဲတဲ့ အရာတစ်ခုတော့မဟုတ်ခဲ့ပါဘူး။ ဘာ ကြောင့်လဲဆိုတော့ ကျွန်တော်အပါအဝင် ဒီအကျဉ်းစခန်းထဲမှာရှိတဲ့ လူတွေအားလုံး

mgyoe.com

mgyoe.com SAMPLE BOOK

အတွက် အသက်ရှင်နိုင်ခြေဆိုတာ ရာခိုင်နှုန်းအရ အင်မတန်လျော့နည်းလွန်းလို့ပါပဲ။ ယုတ္တိရှိရှိတွေးမယ်ဆိုရင် သာမန်အကျဉ်းသားတစ်ယောက်ဟာ သူ့ကိုယ်သူ ဒီအကျဉ်းသားတွေကြားထဲက ကံကောင်းထောက်မစွာ ရှင်ကျန်ရစ်ခဲ့မယ့်လက်တစ်ဆုပ်စာလူနည်းစုထဲပါဝင်ဖို့ဆိုတာ မျှော်လင့်ဖို့ မဖြစ်နိုင်သလောက်ပါပဲ။ အဲဒါတွေကြောင့် အော့ရှ်ဗစ်ဇ်ထဲက အကျဉ်းသားတစ်ယောက်အတွက် သေခြင်းတရားဆိုတာ သိပ်တော့ ကြောက်စရာအခြေအနေတစ်ခု မဟုတ်တော့ပါဘူး။ ကုန်ကုန်ပြောရမယ်ဆိုရင် 'အဆိပ်ငွေ့ခန်း' ဆိုတဲ့ စကားလုံးကတောင် အကျဉ်းထောင်ထဲ နေထိုင်ပြီး ရက်အနည်းငယ်အတွင်းမှာပဲ ကြောက်ရွံ့မှုကို ခန်းခြောက်သွားစေပါတယ်။ တစ်ဖက်လှည့်နဲ့ တွေးမယ်ဆိုရင် အဲဒီလို အရာတွေကသာ အကျဉ်းသားတွေအတွက် ကိုယ့်ကိုယ်ကိုယ် သတ်သေမယ့် အဖြစ်ကနေ ကယ်တင်ပေးနေသလိုတောင် ဖြစ်နေပါတယ်။

နောက်ပိုင်း ကျွန်တော် ဆုံတွေ့ခဲ့ရတဲ့ မိတ်ဆွေတွေကတော့ ကျွန်တော်ဟာ ဒီအကျဉ်းစခန်းကို ရောက်ရောက်လာချင်းမှာ အလွန်အမင်း စိတ်ဓာတ်ကျနေတဲ့ တစ်ဦးတည်းသောသူ မဟုတ်ဘူးဆိုတာပါပဲ။ ကျွန်တော်တို့ အော့ရှ်ဗစ်ဇ်ကို ရောက်ပြီး နောက်တစ်နေ့မနက်မှာပဲ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်ကတည်းက ကျွန်တော်ဟာ တိတ်ဆိတ်စွာနဲ့ပဲ ပြုံးနေခဲ့ပါတော့တယ်။ အကျဉ်းသားတွေဟာ ကိုယ်ရဲ့ တဲကနေ ကျော်လွန်ပြီး ဘယ်ကိုမှ မသွားရဘူးလို့ တင်းတင်းကျပ်ကျပ် တားမြစ်ထားပေမဲ့လည်း ကျွန်တော်တို့ထက် ရက်သတ္တပတ် အနည်းငယ်လောက် ဒီစခန်းကို စောရောက်နေတဲ့ မိတ်ဆွေဟောင်းတစ်ဦးဟာ ကျွန်တော်တို့ရှိရာ တဲဆီကို ခိုးဝင်လာခဲ့ပါတယ်။ သူ ခိုးဝင်လာတဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ကို အကြံတချို့ပေးဖို့နဲ့ နှစ်သိမ့်ပေးဖို့ပါပဲ။ သူဟာ ကျွန်တော်တို့ နောက်ဆုံးတွေ့ခဲ့တုန်းကနဲ့ မတူတော့ဘဲ အလွန်အမင်း ပိန်ချုံးသွားခဲ့ပါပြီ။ အဲဒါကြောင့် ကျွန်တော်တို့ဟာ ရုတ်တရက် သူ့ကို မမှတ်မိခဲ့ကြပါဘူး။ ကျွန်တော်တို့ကိုတွေ့တော့ သူဟာ အဆင်ပြေနေသလို၊ အပူပင်ကင်းမဲ့နေသလို ဟန်ဆောင်ရင်း ကျွန်တော်တို့ လိုက်နာရမယ့် အချက်တချို့ကို အလျင်အမြန် သတိပေးပါတော့တယ်။

'ဘာမှမကြောက်နဲ့။ လူရွေးပွဲကိုလည်း မကြောက်နဲ့။ အထူးသဖြင့် ဒေါက်တာ M(SS တို့ရဲ့ ဆေးဝါးဆိုင်ရာ ခေါင်းဆောင်ဖြစ်သူ) တို့လို ဆရာဝန်တွေဟာ နူးညံ့ဖော်ရွေကြတယ်'လို့ ပြောလာပါတယ်။ (ဒါပေမဲ့ အဲဒါဟာ တကယ်တော့ မမှန်ကန်

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့အပြင် များစွာလွဲမှားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အကျဉ်းထောင်ထဲမှာ အကျဉ်းထောင်ဆရာဝန်အဖြစ် ၆ နှစ်ကျော်ကြာ လုပ်ကိုင်ခဲ့ရတဲ့ ထောင်သားဆရာဝန်တစ်ယောက်ဟာသူရဲ့သားဖြစ်သူကို အဆိပ်ငွေ့ခန်းကနေ ကယ်တင်ပေးဖို့ ဒေါက်တာ M ကို တောင်းပန်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒေါက်တာ M ကတော့ သွေးအေးအေးနဲ့ပဲ ငြင်းဆန်ခဲ့ပါတယ်) ပြီးတော့ သူက ဆက်ပြောပါတယ်။

'ဒါပေမဲ့ ငါ့အနေနဲ့ မင်းတို့ကို တောင်းဆိုချင်တာ တစ်ခုတော့ရှိတယ်။ အဲဒါက နေ့တိုင်း အမွေးရိတ်ပါ။ တကယ်လို့ မင်းမှာ အမွေးရိတ်စရာ ဖန်ပုလင်းစလေး တစ်စပဲ ရှိရင်တောင် ရိတ်ပါ။ တကယ်လို့ မင်းမှာရှိတဲ့ ပေါင်မုန့်နဲ့ အဲဒီလိုဟာနဲ့ လဲလှယ်ဖို့ လိုလာတယ်ဆိုရင်တောင် အမွေးရိတ်ဖို့ပဲ ရွေးချယ်ကြပါ။ ဘာလို့လဲဆိုတော့ အဲဒီလို အမွေးအမှင်မရှိမှသာ မင်းတို့ ရုပ်တွေက ငယ်ရွယ်တဲ့ ပုံပေါက်လိမ့်မယ်။ ပြီးတော့ ရိတ်သင်ထားလို့ နီရဲနေတဲ့ ပါးပြင်တွေကသာ မင်းတို့အနေနဲ့ ကျန်းမာတယ်လို့ ပုံစံပေါက်လိမ့်မယ်။ တကယ်လို့ မင်းတို့အနေနဲ့ အသက်ရှင်ချင်သေးတယ်ဆိုရင် အလုပ်လုပ်နိုင်တဲ့ ပုံစံပေါက်အောင် နေပြဖို့လိုလိမ့်မယ်။ မင်းတို့ ဒူးခေါင်းနားမှာ အမာရွတ်ရှိလို့ လမ်းလျှောက်ရင် နည်းနည်းလောက် ထော့နဲ့ ထော့နဲ့ ဖြစ်နေမယ်ဆိုရင်တောင် သူတို့ မြင်သွားတဲ့အခါ သူတို့က မင်းတို့ကို ချက်ချင်း ဆွဲခေါ်ထုတ်သွားပြီး နောက်တစ်ရက်မှာ အဆိပ်ငွေ့ခန်းထဲ ပို့လိုက်လိမ့်မယ်။ ပြီးတော့ မင်းတို့ 'မူဆလင်'[10]ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကိုသိလား။ ကြည့်ရတာ အားနည်း၊ နုံချာ၊ စုတ်ပြတ်သတ်နေပြီး အလုပ်လုပ်နိုင်တော့မယ့် အလားအလာမရှိတော့တဲ့ လူတွေကို သူတို့က မူဆလင်လို့ ခေါ်တယ်။ ချက်ချင်း မဟုတ်ပေမဲ့လည်း မင်းဟာ မူဆလင်အဖြစ်နဲ့ သတ်မှတ်ခံလိုက်ရပြီဆိုရင် အနေးနဲ့ အမြန်ဆိုသလို တစ်နည်းနည်းနဲ့တော့ အဆိပ်ခန်းထဲပို့ပြီး အသတ်ခံရမှာပဲ။ ဒီတော့ ငါ အခုပြောတာတွေကို မမေ့နဲ့။ နေ့တိုင်း အမွေးအမှင်မှန် သမျှကိုရိတ်၊ လမ်းကိုမတ်မတ်လျှောက်၊ ကျန်းမာတဲ့ပုံစံပေါက်အောင် နေ။ ဒါဆိုရင် မင်းအနေနဲ့ အဆိပ်တွေကို ကြောက်စရာမလိုဘူး။ အခု ဒီနေရာမှာရှိ

10 ( ဒီနေရာမှာ Moslem - မူဆလင် ဆိုတာဟာ အစ္စလာမ်ဘာသာကိုးကွယ်တဲ့ မူဆလင်များအား နာဇီများက ရည်ညွှန်းကြတာ ဖြစ်ပြီး ထိုကာလတုန်းက မွတ်ဆလင်များဟာလည်း ဂျူး၊ ပိုလန်နဲ့ ဂျစ်ပစီများနည်းတူ နာဇီတွေရဲ့ လူသားအဖြစ်မှ လျှော့ချရှုမြင်ခြင်း (Dehumanization) ကို ခံခဲ့ရသူတွေ ဖြစ်ပါတယ် - ဘာသာပြန်သူ )

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ မင်းတို့အားလုံး၊ အခုမှ ဒီနေရာကို စရောက်တာဆိုရင်တောင်မှ အဲဒီလို နေမယ်ဆိုရင် အဆိပ်ခန်းနဲ့ ပတ်သက်ပြီး ရောက်ဖို့မလိုဘူး။ ဒါပေမဲ့ မင်း.... မင်းကတော့ ခြွင်းချက်ပဲ။"

သူဟာ စကားပြောနေရာက ရပ်လိုက်ပြီး ကျွန်တော့်ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။ ပြီးတော့ ဆက်ပြီး -

'ငါအခုလို အခြေအနေအမှန်ကို ရိုးသားစွာ ဝန်ခံပြောဆိုရတဲ့အတွက် မင်း ငါ့ကို စိတ်မကွက်ဖို့ မျှော်လင့်ပါတယ်' လို့ ကျွန်တော့်ကို ကြည့်ရင်းပြောပါတယ်။ ပြီးတော့ ကျွန်တော်ကလွဲလို့ တခြားလူတွေ အားလုံးကို ရည်ညွှန်းပြီးတော့ -

'အခု ဒီနေရာမှာရှိနေတဲ့ လူတွေအားလုံးထဲမှာ သူတစ်ယောက်ပဲ နောက်ထပ် လူရွေးပွဲအတွက် စိုးရိမ် စိတ်ပူစရာရှိတယ်။ ဒီတော့ သိပ်ပြီး မစိုးရိမ်ကြပါနဲ့။ အဆင်ပြေမှာပါ'

ကျွန်တော် ပြုံးပဲ ပြုံးနေလိုက်ပါတယ်။ ကျွန်တော်ထင်တယ်၊ အဲဒီနေ့က ကျွန်တော့်နေရာမှာ တစ်ယောက်ယောက်က အခုလို ပြောခံရမယ်ဆိုရင် သူလည်း ကျွန်တော့်လိုပဲ ပြုံးနေမိမှာ သေချာပါတယ်။

ကျွန်တော်မှတ်မိသလောက် အတွေးအခေါ်ပညာရှင် ဂေါထော့တ် လက်စင်း (Gotthold Lessing) က ပြောဖူးတာတစ်ခုရှိပါတယ်။ အဲဒါက - **လောကမှာ မင်းအတွက် ရှင်သန်ရတဲ့ အဓိပ္ပာယ်ကိုတောင် ဆုံးရှုံးစေမယ့် အကြောင်းကိစ္စတွေရှိတယ်၊ တကယ်လို့သာ အဲဒီလိုမဖြစ်ခဲ့ဘူးဆိုရင် မင်းမှာ ရှင်သန်ရတဲ့ အကြောင်းပြချက်တောင် မရှိလို့ပဲ။**[11] ဆိုသလို အဓိပ္ပာယ်ရတဲ့စကားပါပဲ။ သာမန်မဟုတ်တဲ့ အခြေအနေတစ်ခုမှာ သာမန်မဟုတ်တဲ့ အပြုအမူနဲ့ တုံ့ပြန်တာဟာ တကယ်တော့သာမန်ပါပဲ။ စိတ်ရောဂါကုဆရာဝန်တွေကတော့ အဲဒီလိုမျိုး ပုံမှန်မဟုတ်တဲ့ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်တွေအတွက် လူနာတွေအနေနဲ့ စိတ်ကျန်းမာရေးဆေးရုံမှာ ကုသမှုခံယူဖို့ လိုအပ်တယ်လို့ ယူဆကြပါတယ်။ အဲဒီလိုပဲ သာမန်လူတစ်ယောက်အတွက် အခုလိုမျိုး အကျဉ်းစခန်းထဲ ရောက်ရှိလာတာဟာ အင်မတန်ယောက်ယက်ခတ်စရာ အခြေအနေတစ်ခုပါပဲ။ ဒါပေမဲ့လည်း တကယ်တော့ အဲဒါဟာ သာမန်ဖြစ်

---

11 (There are things which must cause you to lose your reason, or you have none to lose)

mgyoe.com

mgyoe.com SAMPLE BOOK

ရှိုးဖြစ်စဥ်တစ်ခုပါ။ အဲဒီလို တုံ့ပြန်မှုတွေ၊ ခံစားချက်တွေဟာ နေ့စဥ်နဲ့အမျှ ပြောင်းလဲလာပါတယ်။ အဲဒီနောက်မှာတော့ အကျဥ်းသားဟာ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုရဲ့ ဒုတိယအဆင့်ကို ချဥ်းနင်းဝင်ရောက်လာပါတော့တယ်။ အဲဒါကတော့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုကင်းမဲ့ခြင်း (သို့) စိတ်ခံစားချက်သေဆုံးခြင်း အခြေအနေပဲဖြစ်ပါတယ်။

အဲဒီလို တုံ့ပြန်မှုတွေအပြင် အကျဥ်းသားအသစ်တစ်ဦးအနေနဲ့ တခြားစိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုတွေကိုလည်း ကြုံတွေ့ခံစားရနိုင်ခြေ ရှိပါသေးတယ်။ အဲဒါတွေဟာ သူ့အနေနဲ့ သိသိလျက်နဲ့ဖြစ်စေ၊ မသိစိတ်ကဖြစ်စေ ဖိနှိပ်ချုပ်တည်းထားတဲ့ စိတ်ဆန္ဒတွေပါပဲ။ များသောအားဖြင့်တော့ အဲဒီစိတ်ဆန္ဒတွေဟာ အိမ်အလွမ်းနဲ့ မိသားစုကို လွမ်းမောတောင့်တခြင်းပါပဲ။ အဲဒီခံစားချက်တွေဟာ တဖြည်းဖြည်း ကြီးမားလာပြီး နောက်ဆုံးမှာ ထိန်းမနိုင် သိမ်းမရ အခြေအနေအထိ ရောက်ရှိလာကြပါတယ်။ အဲဒီနောက်မှာတော့ အကျဥ်းသားတွေဟာ သူတို့ကိုယ်သူတို့ အပါအဝင် ပတ်ဝန်းကျင်က အရာရာတိုင်းအပေါ်မှာ ရွံရှာစက်ဆုပ်ဖွယ်၊ အကျည်းတန်ဖွယ် အခြေအနေအဖြစ် ရှုမြင်လာကြပါတယ်။

အကျဥ်းသားအများစုဟာ စာခြောက်ရုပ်ထက်တောင် အကျည်းတန်စုတ်ပြတ်လွန်းတဲ့ ဝတ်စုံတွေကိုသာ အဝတ်အထည်အဖြစ်နဲ့ ရရှိဝတ်ဆင်ကြရပါတယ်။ တဲတစ်လုံးနဲ့တစ်လုံးကြားမှာလည်း အညစ်အကြေးတွေဟာ တောင်လိုယာလိုပုံနေပြီး အဲဒီအရာတွေကို ရှင်းလင်းဖို့ ကြိုးစားလေ ပိုရှုပ်လေပါပဲ။ အသစ်ရောက်လာတဲ့ အကျဥ်းသားတွေဟာ သန့်စင်ခန်း၊ အိမ်သာပိုက်နဲ့ မိလ္လာအညစ်အကြေးတွေကို ရှင်းလင်းသန့်စင်စေဖို့ အစုအဖွဲ့တွေ ဖွဲ့စည်းကာ လုပ်ကိုင်ကြရပါတယ်။ အဲဒီလိုမျိုး သန့်ရှင်းရေးလုပ်တဲ့အခါ - အထူးသဖြင့် မစင်တွေကို မြေပြင်ပေါ် သွန်ချတဲ့အခါ - မတော်တဆ မစင်တွေဟာ ခင်ဗျားမျက်နှာပေါ် လာစဥ်ခဲ့ရင် ရွံရှာသလို၊ စက်ဆုပ်သလိုလုပ်ပြီး ခင်ဗျားမျက်နှာကနေ ပွတ်ချပစ်ဖို့ မလုပ်ပါနဲ့။ အဲဒီလိုမျိုး လုပ်တာနဲ့ တန်းစီးတွေဟာ ခင်ဗျားဆီရောက်လာပြီး ချက်ချင်း ရိုက်နှက်ကန်ကျောက်ကြပါလိမ့်မယ်။ သူတို့ဟာ အဲဒီလို လုပ်ဆောင်ချက်တွေနဲ့ အကျဥ်းသားတွေရဲ့ သဘာဝအတိုင်း အလိုအလျောက် တုံ့ပြန်တတ်တဲ့ လူ့စိတ်ကို လျော့နည်းလာစေဖို့ တွန်းအားပေးကြပါတယ်။

အစပိုင်းမှာတော့ အကျဥ်းသားတွေအနေနဲ့ သူတို့ထဲက တစ်ယောက်ယောက်ဟာ အပြစ်ပေးခံရပြီ၊ ရိုက်နှက်ခံရပြီ ဆိုတာနဲ့ အားလုံး အဝေးကိုသာ ငေးကြည့်နေ

mgyoe.com

တတ်ကြပါတယ်။ ဒါဟာ သူတို့အနေနဲ့ နစ်နာသူဟာ သူတို့နဲ့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘဝတူအချင်းချင်းမို့ ဒီလိုလူတစ်ယောက် ရွံ့တောထဲမှာ နှိပ်စက် ရိုက်နှက်ခံနေရတာကို မမြင်ရက်လို့ မျက်နှာလွှဲထားကြတာမျိုးပါ။ ဒါပေမဲ့လည်း နောက်ပိုင်း နေ့ရက်တွေ၊ ရက်သတ္တပတ်တွေ လွန်မြောက်လာတဲ့အခါမှာတော့ အဲဒီအမူအကျင့်ဟာလည်း ပျောက်ကွယ်သွားခဲ့ကြပါတော့တယ်။ နေရောင်တောင် မကွဲသေးတဲ့ နံနက်လင်းအရုဏ်ဦးတစ်ခုမှာ အကျဉ်းသားတစ်ယောက်ဟာ သူရဲ့ အုပ်စုနဲ့အတူ မနက်ခင်း ဟန်ရေးပြ[12]ဖို့ တန်းစီနေခဲ့ပါတယ်။ အဲဒီနောက် သူဟာ နာနာကျင်ကျင် အော်ဟစ်သံတစ်ခုကို ကြားလိုက်ရပြီး လူတစ်ယောက် မြေပြင်ပေါ် ရိုက်ချခံလိုက်ရတာကို တွေ့လိုက်ရပါတယ်။ ပြီးတော့ ပြန်ဆွဲထူတယ်။ ပြန်ပြီး ရိုက်ချတယ်။ ထပ်ပြီး..... ထပ်ပြီး။ ဘာလို့လဲ၊ ဘာကြောင့်လဲဆိုတော့ သူဟာ အဖျားဝင်နေတာကြောင့် ဟန်ရေးပြရတဲ့အချိန်မှာ ထောင်သားတွေအတွက် ဆေးပေးခန်းကို သွားခဲ့လို့ပါပဲ။ အဲဒီလိုမျိုး အမှားသေးသေးလေးဟာ သူ့ကို မြေပေါ် ရိုက်ချခံရတဲ့အထိ အပြစ်ကြီးမားသွားစေခဲ့ပါတယ်။ သူဟာ သူရဲ့ ကျန်းမာရေးအခြေအနေအတွက် စည်းကမ်းအသေးလေးတစ်ခုကို ချိုးဖောက်ကာ အကူအညီရယူဖို့ ကြိုးစားခဲ့တာကြောင့် အခုလို အပြစ်ပေးခံခဲ့ရတာပါ။

ဒါပေမဲ့လည်း စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုရဲ့ ဒုတိယအဆင့်ကို ရောက်ရှိနေပြီဖြစ်တဲ့ အကျဉ်းသားတွေအတွက်တော့ သူတို့ထဲက တစ်စုံတစ်ယောက် အရိုက်ခံရတိုင်း အဝေးကြီးကို မျက်နှာလွှဲငေးကြည့်မနေကြတော့ပါဘူး။ အချိန်ကြာလာတာနဲ့အမျှ သူတို့ရဲ့ ခံစားချက်တွေဟာ ထုံထိုင်းလေးလံလာကြပါတယ်။ အဲဒီနောက် တစ်ယောက်ယောက် အရိုက်ခံရလည်း ဘာမှမခံစားရသလို မမှိတ်မသုန်သာ ငေးကြည့်နေကြတာပါပဲ။ နောက်ထပ် ဥပမာတစ်ခုအနေနဲ့ တစ်ခါတော့ အကျဉ်းသားတစ်ယောက်ဟာ သူရဲ့ ဖျားနာမှု၊ ထိခိုက်ဒဏ်ရာရမှု ဒါမှမဟုတ် ကိုယ်လက်အင်္ဂါတစ်ခုခု ရောင်ကိုင်းမှုအတွက် ဆေးပေးခန်းထဲမှာ မတ်တတ်ရပ်စောင့်နေရင်းနဲ့ သူ့အတွက် နားချိန်ခဏလောက်ရမလားဆိုတာကို မျှော်လင့်နေမိပါတယ်။ သူစောင့်နေတုန်းမှာပဲ ၁၂ နှစ်အရွယ် ကောင်လေးတစ်ယောက်ကို အလုပ်ကောင်းကောင်းမလုပ်လို့ နှင်းတောထဲ မတ်တတ်ရပ်ခိုင်းရင်း ခြေဗလာနဲ့ အလုပ်

12 March

mgyoe.com

လုပ်ခိုင်းခဲ့ပြီးတော့မှ ဆေးခန်းထဲ ခေါ်လာတာကို တွေ့လိုက်ရတယ်။ (ဘာကြောင့် လဲဆိုတော့ ထောင်ထဲမှာ ၁၂ အရွယ်အတွက် ဖိနပ်တစ်ရံမှမရှိလို့ပါ) ကောင်လေး ရဲ့ ခြေထိပ်တွေဟာ နှင်းကိုက်ပြီး မည်းနက် ပုပ်ပွနေတာကို တွေ့လိုက်ရပါတယ်။ အဲဒီနောက် ဆရာဝန်ဟာ အေးအေးဆေးဆေးပဲ အဲဒီ နှင်းကိုက်တာကြောင့် ပုပ်သွားတဲ့ ခြေချောင်း၊ အသားစတွေကို ဇာဂနာနဲ့ အစိမ်းလိုက် ဆွဲနုတ်ပစ်လိုက်တယ်။ ဒါကိုကြည့်နေတဲ့ အကျဉ်းသားဟာ ဘယ်လိုမျိုး သနားမှု၊ စာနာမှု၊ စိုးရိမ်ထိတ်လန့်မှုနဲ့ ရွံရှာစက်ဆုပ်မှုတစ်ခုကိုမှ မခံစားရတော့ပါဘူး။ အကျဉ်းစခန်းထဲ ရက်သတ္တပတ်အနည်းငယ်လောက် ဖြတ်သန်းပြီးတဲ့နောက်မှာတော့ လူတွေရဲ့ ဝေဒနာခံစားရမှု၊ သတ်ဖြတ်ခံရမှု ဒါမှမဟုတ် သေဆုံးမှုတို့ကို မြင်ရတွေ့ရတာဟာ မကြာခဏဆိုသလို ဖြစ်လာတော့ အကျဉ်းသားတွေအတွက် သာမန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုလိုပဲ ခံစားလာရကာ သိပ်ပြီး မထူးခြားတော့ပါဘူး။

ကျွန်တော်ဟာ တိုက်ဖွိုက်လူနာတွေကို ထားတဲ့ တဲထဲမှာ အချိန်တချို့ကြာအောင် ဖြတ်သန်းခဲ့ရဖူးပါတယ်။ အထူးသဖြင့်တော့ အဲဒီတဲထဲမှာ အပြင်းဖျားပြီးတော့ သေဆုံးဖို့ ရာခိုင်နှုန်းများတဲ့ လူနာတွေကို ထားပါတယ်။ လူနာတစ်ယောက် သေဆုံးသွားတိုင်းမှာ ဘာဆက်ဖြစ်မလဲလို့ ကျွန်တော်ဟာ ဘာခံစားချက်မှမရှိဘဲ ဆက်ပြီး စောင့်ကြည့်နေခဲ့မိပါတယ်။ အဲဒီနောက် အလားတူဖြစ်ရပ်တွေအတိုင်း လူတွေဟာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်ကြပါတယ်။ အဲဒီနောက် အသက်ရှင်နေသေးတဲ့လူတွေဟာ သေသွားတဲ့လူတွေစားလို့ ကျန်ခဲ့တဲ့ အာလူးတွေကို စားကြရပါတယ်။ တချို့လူတွေကလည်း သူတို့ ပိုင်ဆိုင်သေးတဲ့ တစ်ခုတည်းသော ဖိနပ်နဲ့ သူတို့ရဲ့ ကိုယ်ပိုင်အခေါင်းအတွက် လဲလှယ်ကြပါတယ်။ တချို့လူတွေကလည်း သေသွားတဲ့ လူတွေရဲ့ ကုတ်အင်္ကျီတွေနဲ့ လဲလှယ်ကြပါတယ်။

ကျွန်တော်ဟာ အဲဒီအဖြစ်အပျက်တွေအားလုံးကို ဘာခံစားချက်မှ မရှိဘဲ ကြည့်ခဲ့ပါတယ်။ အဲဒီနောက် ကျွန်တော်ဟာ 'သူနာပြု' တွေကို သူတို့ရဲ့ လူသေအလောင်းတွေကို သယ်သွားခိုင်းပါတယ်။ သူတို့ အလောင်းတွေကို ဖယ်တဲ့အခါ ခြေထောက်ကနေ မ,ပြီး ကျန်တဲ့ ခန္ဓာကိုယ်ကြီးကို မြေကြီးပေါ်မှာ တရွတ်တိုက်ဆွဲကာ လူသွားစကြံကျဉ်းကျဉ်းလေးကနေ သယ်ဆောင်သွားကြပါတယ်။ တကယ်တော့ တိုက်ဖွိုက်လူနာတွေကိုထားတဲ့ ဆေးရုံအိပ်ရာနေရာဆိုတာဟာ ပျဉ်ပြားလေးနှစ်ချပ်

mgyoe.com

ကို ပက်လက်ခင်းထားတဲ့ ညစ်ပတ်စုတ်ပေနေတဲ့ နေရာလေးသာဖြစ်ပြီး အဲဒီနေရာမှာ လူနာ အယောက်ငါးဆယ်လောက်ကို ကျပ်ညပ်စွာ လှဲလျောင်းအိပ်စက်စေပါတယ်။ အဲဒီကနေပြီး အပြင်ကို ထွက်တဲ့ ခြေနှစ်လှမ်းစာလောက် ကုတ်ကတ်တက်ရတဲ့ လှေကားနှစ်ဆင့် ခရီးဟာ ကျွန်တော်တို့အတွက် အတော်လေး ခက်ခဲလှပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အားလုံးဟာ ရောဂါဒဏ်အပြင် ဆာလောင်မွတ်သိပ်မှုကြောင့် အားနည်းခြင်းဝေဒနာကိုပါ ခံစားရင်ဆိုင်နေကြရလို့ပါ။ လအနည်းငယ်လောက် ကြာပြီးတဲ့နောက်မှာတော့ ကျွန်တော်တို့ဟာ ဖလက်မလောက်ကျယ်တဲ့ လှေကားနှစ်ထစ်လောက်ကိုတောင်မှ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် မကူမတွဲဘဲနဲ့ လမ်းလျှောက်တက်လို့တောင် မရတော့ပါဘူး။

အဲဒီနောက်တော့ လူတစ်ယောက်ဟာ အလောင်းကောင်ကြီးတစ်ကောင်ကို သယ်လာပြီး လှေကားထစ်တွေကို တစ်ထစ်ချင်းစီ ကြိုးစားအားယူပြီး ပင်ပန်းနွမ်းနယ်စွာ တက်နေခဲ့ပါတယ်။ အဲဒီနောက် ခြေထောက်၊ ပြီးတော့ ကိုယ်လုံး။ အဲဒီနောက်မှာတော့ စိတ်မအီမသာဖြစ်ဖွယ်ကောင်းလှတဲ့ ဦးခေါင်းနဲ့ လှေကားထစ်တွေ ရိုက်မိတဲ့အသံတွေထွက်လာပြီး အလောင်းကောင်ရဲ့တစ်ကိုယ်လုံးဟာ လှေကားအပြင်ဘက်ကို ရောက်ရှိသွားပါတော့တယ်။ ကျွန်တော်ကတော့ ကြမ်းပြင်နားက ပြတင်းပေါက်ကို မှီထိုင်ရင်း တဲအပေါက်ဝရဲ့ဆန့်ကျင်ဘက်မှာ ကျောပေးထားခဲ့ပါတယ်။ ကျွန်တော်ရဲ့ လက်တွေဟာ အေးစက်နေခဲ့ပေမဲ့လည်း ကျွန်တော်ရဲ့ လက်ထဲမှာတော့ ဟင်းရည်ပူပူတစ်ခွက်ကို ကိုင်ကာ အငမ်းမရ သောက်နေခဲ့ပါတယ်။ ပြတင်းပေါက်အပြင်ဘက်ကို ကျွန်တော်လှမ်းကြည့်လိုက်တဲ့အခါ အသက်မဲ့နေတဲ့ မျက်ဝန်းတွေနဲ့ ကျွန်တော့်ကို ပြန်လည်စိုက်ကြည့်နေတဲ့ ခုနကအလောင်းကောင်ကို တွေ့လိုက်ရပါတယ်။ ကျွန်တော်ဟာ အဲဒီလူမသေဆုံးခင်၊ လွန်ခဲ့တဲ့ နှစ်နာရီလောက်ကမှ သူ့ကို စကားပြောခဲ့ပါသေးတယ်။ အခုတော့ ကျွန်တော်ဟာ မျက်စိလွှဲရင်း ကိုယ်ရဲ့ စွပ်ပြုတ်ကိုသာ အငမ်းမရ သောက်သုံးနေပါတော့တယ်။

တကယ်လို့ ကျွန်တော်သာ ကျွန်တော်ရဲ့ အသက်မွေးကျောင်းပညာအရ ဒါမှမဟုတ် စိတ်ပညာရှုထောင့်ကနေပြီး ကျွန်တော်ရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုလစ်ဟာခြင်းအပေါ် အံ့ဩမှု မဖြစ်ခဲ့ဘူးဆိုရင် ကျွန်တော်ဟာ အဲဒီအခိုက်အတန့်တွေကို အခုချိန်မှာ လုံးဝ မှတ်မိတော့မှာ မဟုတ်တော့ပါဘူး။ အကြောင်းကတော့ အဲဒီအဖြစ်